# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


> **ချမ်းသာကို ဆောင်ရွက်တတ်၏**
>
> အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။
>
> စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

## တပ်မတော်တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မည့်သူများအနေဖြင့် မိမိကွပ်ကဲရသည့် တပ်ဖွဲ့များကိုလည်း စွမ်းရည်သုံးရပ်နှင့် ပြည့်စုံအောင် တည်ဆောက်နိုင်စွမ်းရှိရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၈) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးမြို့၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ကျောင်းအုပ်ကြီး၊ ဗထူးတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၄ ဗိုလ်လောင်း သက်နိုင်စိုး အား ငွေဓားဆု ချီးမြှင့်ပေးအပ်စဉ်။

## နိုင်ငံ၏ ဂျီဒီပီမြင့်မားရေး နိုင်ငံသားတိုင်း ကြိုးပမ်းမြှင့်တင်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေအနေကို စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Gross Domestic Product–GDP)ခေါ် အညွှန်းကိန်းနှင့် တိုင်းတာဖော်ပြသည်။ ဂျီဒီပီဆိုသည်မှာ သတ်မှတ်ထားသည့် နယ်နိမိတ်အတွင်း သတ်မှတ်ထားသည့် အချိန်ကာလတွင် ထုတ်လုပ်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ စုစုပေါင်းတန်ဖိုးဖြစ်ရာ မိမိတို့နိုင်ငံအဖို့ဆိုလျှင် တစ်နှစ်တာကာလအတွင်း နိုင်ငံသူ နိုင်ငံသားတို့ ထုတ်လုပ်လိုက်သည့် စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ စုစုပေါင်းတန်ဖိုးပင်ဖြစ်သည်။

ဂျီဒီပီသည် နိုင်ငံသားတို့၏လုပ်အားမှ ပေါ်ထွက်လာခြင်းဖြစ်ပြီး ဂျီဒီပီတိုးတက်လာမှသာ ဘတ်ဂျက်ပိုမိုအသုံးပြုနိုင်မည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ မိသားစုတစ်စုအနေဖြင့်ဆိုလျှင် မိသားစုဝင်များ အလုပ်ကိုယ်စီကြိုးစားလုပ်ကိုင်ကြပြီး မိသားစုဝင်ငွေတိုးတက်မြင့်မားလာသည်နှင့်အမျှ မိသားစု၏ လူနေမှုအဆင့်အတန်းမြင့်မားလာသည့် ဥပမာကဲ့သို့ပင်ဖြစ်သည်။ လက်ရှိမိမိတို့နိုင်ငံ၏ အခြေအနေမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဟူသောဦးတည်ချက်တစ်ခုတည်းကို အနှောင့်အယှက်ကင်းကင်းနှင့် စူးစိုက်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အလျောက် နိုင်ငံ၏ဂျီဒီပီမှာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်အနည်းဆုံး၊ အနိမ့်ဆုံးအခြေအနေသို့ ကျရောက်နေသည်။

"နိုင်ငံ့ဂျီဒီပီတိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာ၌ နိုင်ငံအတွက်အခြေခံကျသော လယ်ယာစိုက်ပျိုးရေး ကဏ္ဍကြီးတွင် စိုက်ပျိုးရေးထွက်ကုန်စိုက်ပျိုးသီးနှံများ ပိုမိုထွက်ရှိတိုးတက်လာမည်ဆိုပါက ၎င်းကိုအခြေခံသည့် စက်မှုကဏ္ဍကြီးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍကြီးတိုးတက်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးမြှင့်လာမည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍကြီးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ပင် ဖြစ်သကဲ့သို့ ငွေကြေးစီးဆင်းမှုများပြားလာပြီး ဘဏ္ဍာရေးကဏ္ဍကလည်း တိုးတက်လာမည်ဖြစ်ကြောင်း" ၂၇-၁၁-၂၀၂၄ တွင်ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးမွေးမြူရေး ကဏ္ဍပေါ်တွင် အခြေခံထားခြင်းဖြစ်ရာ ယင်းကဏ္ဍမဖွံ့ဖြိုးမတိုးတက်သရွေ့ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်း၍ရနိုင်မည်မဟုတ်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်စွမ်းသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အနိမ့်ဆုံးဖြစ်နေခြင်းက နိုင်ငံ၏ဂျီဒီပီတွင်ပါ အနိမ့်ဆုံးသို့ ကျရောက်နေစေခြင်းဖြစ်သည်။ သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် ဆောင်ရွက်ရမည့်တာဝန်မှာ တောင်သူတို့၏ အလုပ်မျှသာမဟုတ်ဘဲ ကျရာကဏ္ဍမှ တစ်မျိုးသားလုံးပါဝင် ဆောင်ရွက်ရန် လိုအပ်လာသည်။ "မျိုး၊ မြေ၊ ရေ၊ နည်း" တို့ကို အချိန်မီရာသီအလိုက် ဖြည့်ဆည်းပေးရန် လိုအပ်သကဲ့သို့ တောင်သူတို့ကြုံတွေ့ကြရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်ရန်လည်းလိုသည်။ သီးနှံပေါ်ချိန်တွင် ဈေးကွက်အာမခံချက်ရှိရန် လိုအပ်ပြီး လယ်ယာလုပ်ငန်း၏ဝင်ငွေသည်လည်း တောင်သူတို့၏ မိသားစုဝင်များကို ဆွဲဆောင်နိုင်ရမည်လည်းဖြစ်သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံ၏ ဂျီဒီပီတိုးတက်လာပြီး နိုင်ငံအတွက် ဘဏ္ဍာငွေတိုးတက်ရရှိလာမည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အလုပ်သည် ဝင်ငွေကို ဖြစ်ပေါ်စေပြီး ဝင်ငွေကတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်ခြင်းဖြစ်ရာ မိမိတို့အားလုံးကုန်ထုတ်စွမ်းအား မြင့်မားသည်ထက်မြင့်မားအောင် လုံ့လဝီရိယဖြင့် ကြိုးပမ်းအားထုတ် မြှင့်တင်ကြရပါမည့်အကြောင်း။ ။

## နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည် ။ ထို့အပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာ ကဏ္ဍအလိုက်ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘ စီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကိုထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများကို လုပ်ဆောင်နေကြသည်။

ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ခိုးထုတ်ကြရာတွင် ဥပဒေကိုမသိနားမလည်သည့်အပြင် ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများကို ငွေကြေးဖြင့်ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင် စေလျက်ရှိကြောင်းကိုလည်းတွေ့ရသည်။ ယင်းသို့ လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကို အားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ပြည်သူများ သတိပြုကြရန်လိုပါသည်။

မတော်လောဘဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ထောက်ပံ့နေမှုများအား နိုင်ငံတော်အနေဖြင့် စိစစ်ဖော်ထုတ်၍ လိုအပ်သလို တိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့် ယင်းကဲ့သို့ ဥပဒေမဲ့သယံဇာတခိုးထုတ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

## သံအမတ်ကြီး ဦးသစ်လင်းအုန်း အား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်း အား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ITPEC စာမေးပွဲများ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပလျက်ရှိသော Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြု စာမေးပွဲများဖြစ်သည့် Information Technology Passport Examination (IT passport)၊ Fundamental Information Technology Engineer Examination (FE) စာမေးပွဲများကို ဧပြီ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ITPEC (FE) Exam အတွက် Intensive Training ကို ဖွင့်လှစ်မည်ဖြစ်သည်။ စာမေးပွဲများသို့ ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များနှင့် IT စိတ်ပါဝင်စားသည့် မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်သည်။

စာမေးပွဲအတွက် နောက်ဆုံး Form တင်ရမည့်နေ့မှာ မတ် ၂၈ ရက် ဖြစ်ပြီး ITPEC စာမေးပွဲကြေးနှင့် သင်တန်းကြေးများကို Mobile Banking နှင့် QuickPay တို့မှတစ်ဆင့် ငွေပေးသွင်းနိုင်သည်။

Exam Form နှင့် Training Form များအတွက် https://forms.gle/tAtrhk9m3JNqZNTv6 linkသို့ ဝင်ရောက်၍ Registration ပြုလုပ်ရမည်ဖြစ်ကြောင်းသိရသည်။

မျိုးမင်းသူရ

### ၂၁ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market- Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၅၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) သူရတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

- **အခက်အခဲ အကျပ်အတည်းဟူသမျှ ရင်ဆိုင်ကျော်လွှားနိုင်ပြီး မိမိတပ်ကို တက်ညီလက်ညီနှင့် စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဖွဲ့စည်းထားနိုင်ရမည်**
- **မိမိကိုယ်တိုင် အရာရာတွင် စံပြဖြစ်အောင် နေထိုင်ကျင့်ကြံပြီး ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်လို**
- **သင်တန်းကာလအတွင်း စစ်အတတ်ပညာ အပါအဝင် စစ်ဘက်ခေါင်းဆောင်မှု ပညာများကို လေ့လာသင်ယူခဲ့ပြီးဖြစ်သဖြင့် မိမိတို့တပ်မတော်၏ ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြရန် လိုအပ်**

❖*ရွှေဖုံးမှ*

**ဗိုလ်လောင်းတပ်ခွဲများစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ် ၇၄၊ ဗိုလ်လောင်း သက်နိုင်စိုးအား ငွေဓားဆုချီးမြှင့်ပေးအပ်သည်။

**သင်တန်းဆင်းမိန့်ခွန်းပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် **"တပ်မတော်(ကြည်း)တွင် အရည်အချင်း ပြည့်ဝသောအရာရှိများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာ ကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်"** ဟူသည့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၏ ရည်ရွယ်ချက်နှင့်အညီ စစ်ပညာ၊ ကွပ်ကဲမှု၊ ခေါင်းဆောင်မှုပညာရပ်များနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များကို သင်ကြားလေ့ကျင့်အောင်မြင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ၏ အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ထိပါးလာမည့် ကိစ္စမှန်သမျှကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ထက်သန်စွာဖြင့် မှန်ကန်သည့်ရပ်တည်ချက်၊ အမျိုးသားရေးခံယူချက်များနှင့်အတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း၊ ယခုကဲ့သို့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အခြေခံပြီး မွန်မြတ်သည့် စိတ်ထားများဖြင့် တိုင်းရင်းသားပြည်သူကြားက ပေါက်ဖွားလာခဲ့သည့် မိမိတို့ တပ်မတော်၏ ကောင်းမြတ်သော အတိတ်သမိုင်းကြောင်းများကို သိရှိထားပြီး အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း။

တပ်မတော်တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မည့်သူများအနေဖြင့် မိမိကွပ်ကဲရသည့် တပ်ဖွဲ့များကိုလည်း စွမ်းရည်သုံးရပ်နှင့် ပြည့်စုံအောင် တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ အခက်အခဲ အကျပ်အတည်းဟူသမျှ ရင်ဆိုင်ကျော်လွှားနိုင်ပြီး မိမိတပ်ကို တက်ညီလက်ညီနှင့် စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဖွဲ့စည်းထားနိုင်ရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် အရာရာတွင် စံပြဖြစ်အောင် နေထိုင်ကျင့်ကြံပြီး ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း။

**အသိပညာအတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာ**

သင်တန်းကာလအတွင်း စစ်အတတ်ပညာ အပါအဝင် စစ်ဘက်ခေါင်းဆောင်မှု ပညာများကို လေ့လာသင်ယူခဲ့ပြီးဖြစ်သဖြင့် မိမိတို့တပ်မတော်၏ ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုဆိုသည်မှာ ပါရမီသက်သက်မဟုတ်ဘဲ နည်းနိဿယကောင်းများကို ကြိုးစားလေ့လာကျင့်သုံးခြင်းဖြင့် အောင်မြင်မှုရရှိနိုင်သည့် ပညာရပ်တစ်ခုဖြစ်ပြီး ပေးအပ်သည့်ရည်မှန်းချက်တာဝန်ကို အောင်မြင်ပြီးမြောက်သည်အထိ လက်အောက်ငယ်သားများကို စည်းရုံးလုပ်ဆောင်နိုင်သည့် အရည်အချင်းဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်တစ်ဦးသိသင့်သိထိုက်သည့် အသိပညာ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာမှသာလျှင် မှန်ကန်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည့်အတွက် တစ်ဦးချင်းလေ့လာအားထုတ် ကြိုးပမ်းကြရန်လည်း မှာကြားလိုကြောင်း။

မိမိတို့ တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်ကတည်းကပင် စည်းကမ်းနှင့် စိတ်ဓာတ်ကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ စည်းကမ်းသည် မိမိတို့တပ်မတော်၏ အသက်ခန္ဓာပင်ဖြစ်ကြောင်း၊ ပြည်သူကြားက ပေါက်ဖွားလာပြီး မိမိဆန္ဒအလျောက် တပ်မတော်အတွင်းကို ဝင်ရောက်လာကြသူများဖြစ်ကာ အထူးသဖြင့် ပြည်သူ့တပ်မတော်သားများဖြစ်သည့်အတွက် တပ်မတော်က ချမှတ်ထားသော စစ်ဘက်ဥပဒေ၊ စစ်စည်းကမ်းများအပြင် နယ်ဘက်ဥပဒေ၊ နယ်ဘက်စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရာတွင် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်နေစေရန်လည်း လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်မှ ထုတ်ပြန်ထားသည့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာ ဆောင်ရွက်ခြင်းသည် မိမိ၏ ပင်ကိုအရည်အသွေးတိုးတက်အောင် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

**အခက်အခဲတိုင်းကို ရဲဝံ့စွန့်စားစွာ ရင်ဆိုင်လုပ်ကိုင်**

အထူးသဖြင့် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဟူသည့် ဆောင်ပုဒ်အတိုင်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်သကဲ့သို့ အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုနှင့် ကျွမ်းကျင်မှုရှိအောင်လည်း နေ့စဉ်ပုံမှန် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးလုပ်ဆောင်ခြင်းသည် ကြံ့ခိုင်မှုနှင့် ကျွမ်းကျင်မှုရှိရန် အတွက်ဖြစ်ကြောင်း၊ ကြံ့ခိုင်မှုဆိုသည်မှာ တပ်ဖွဲ့ဝင်တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာကြံ့ခိုင်နေအောင် လေ့ကျင့်နေခြင်း ဖြစ်သကဲ့သို့ ကျွမ်းကျင်မှုဆိုသည်မှာလည်း မိမိတို့ ကိုင်တွယ်အသုံးပြုနေသည့် လက်နက်များနှင့် သင်ယူလေ့လာထားသည့် စစ်ပညာရပ်များကို ကျွမ်းကျင်နေစေရန် လေ့ကျင့်ခြင်းဖြစ်ကြောင်း၊ ထိုသို့ကျွမ်းကျင်မှုရှိမှသာ ယုံကြည်မှုရှိလာမည်ဖြစ်ပြီး ယုံကြည်မှုရှိမှလည်း ကြုံတွေ့လာသည့် အခက်အခဲတိုင်းကို ရဲဝံ့စွန့်စားစွာ ရင်ဆိုင်လုပ်ကိုင်နိုင်သည့် ရဲစွမ်းသတ္တိများ ရရှိလာမည်ဖြစ်သည့်အတွက် အလေးထားလိုက်နာသွားကြရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။



## အနေ့းလျှောက် အမြန်လျှောက်ဖြင့် ချီတက်အလေးပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အား ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများက အနေ့းလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

*စာမျက်နှာ ၃ မှ*

မိမိတို့ တပ်မတော်သားများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အဓိကနေရာမှ တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ထို့အပြင် ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမည့်အရေးကြုံလာလျှင်လည်း မိမိတို့ တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခိုင်မာဆုံး အင်အားစုတစ်ရပ်လည်းဖြစ်ကြောင်း၊ လက်ရှိကာလတွင်လည်း မိမိတို့ တပ်မတော်သည် ပြည်သူလူထုလိုလားသည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့သည် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့်ပူးပေါင်းပြီး ပြည်သူများကို အကြောက်တရား လွှမ်းမိုးလာစေရေးနှင့် ၎င်းတို့ထိန်းချုပ်နယ်မြေများချဲ့ထွင်နိုင်ရေးအတွက် နိုင်ငံရေးကိစ္စကို အကြောင်းပြပြီး အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းကို တရားလက်လွတ်ဥပဒေမဲ့ လုပ်ဆောင်လျက်ရှိနေကြောင်း၊ ထိုကဲ့သို့ အကြမ်းဖက် လက်နက်ကိုင်နည်းလမ်းကြောင့် နယ်မြေဒေသအချို့တွင် မတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံများ၏ လူမှုစီးပွားဘဝနှင့် အသက်အန္တရာယ်များ ထိခိုက်ဆုံးရှုံးနေရခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကျင့်သုံးနေသည့် အကြမ်းဖက်သောင်းကျန်းသူများသည် ထာဝရငြိမ်းချမ်းရေး ရရှိပြီး ပြည်ထောင်စုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကို လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လိုပြီး ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ဖိအားပေးခြင်းများကို ပြုလုပ်နေသကဲ့သို့ နိုင်ငံတစ်ဝှမ်း အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုပြုလုပ်နေကြသဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင်အဆောက်အအုံများ များစွာပျက်စီးဆုံးရှုံးနေကြရကြောင်း၊ ထို့ကြောင့်လည်း အေးချမ်းစွာနေထိုင်လိုကြသည့် အပြစ်မဲ့ပြည်သူများသည် နိုင်ငံရေးပြဿနာကို အကြမ်းဖက်လက်နက်ကိုင် နည်းလမ်းဖြင့် ရယူရန် ကြိုးစားနေကြသည့် အကြမ်းဖက်သမား သောင်းကျန်းသူများကို အလွန်ရွံရှာစက်ဆုပ်နေကြပြီဖြစ်ကြောင်း။

**○ မျက်မှောက်ကာလတွင် သတင်း၊ နည်းပညာနှင့် ဆက်သွယ်ရေးကွန်ရက်စနစ်များ လျင်မြန်စွာဖွံ့ဖြိုးလာမှုနှင့်အတူ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် လူမှုကွန်ရက်ကို အသုံးပြုပြီး တပ်မတော်ကို နိုင်ငံရေးသိက္ခာကျအောင်၊ ပြည်သူလူထုယုံကြည်မှု ပျက်ပြားအောင်နှင့် အထင်အမြင် လွဲမှားအောင် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိ၊ ထိုသို့ ထိုးနှက်တိုက်ခိုက်မှုများနှင့် အခြေအမြစ်မရှိသည့် ပြောဆိုရေးသားမှုများသည် တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုအပေါ်၌ပါ ဆိုးရွားစွာ ထိခိုက်နိုင်သောကြောင့် မိမိတို့တပ်မတော်သားများ အပါအဝင် နိုင်ငံသားအားလုံးအနေဖြင့် အသိ၊ သတိများဖြင့်ယှဉ်ပြီး စဉ်းစားဆင်ခြင်နိုင်ရန်လိုအပ်**

### တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားကြရမည်

တပ်မတော်သည် ပြည်သူလူထုမှပေါက်ဖွားသည့် ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပြီး တပ်မတော်က ဆင်နွှဲနေသည့် တရားသောစစ်အပေါ် တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုတစ်ရပ်လုံးက ဝန်းရံထောက်ခံအားပေးနေသကဲ့သို့ သောင်းကျန်းသူအမြစ်ဖြတ်ချေမှုန်းရေးနှင့် အကြမ်းဖက်မှု နှိမ်နင်းတိုက်ဖျက်ရေးအတွက် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့နှင့် အတူတကွ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခု တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးရေး တိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျအောင် လုပ်နိုင်စွမ်းရှိသူများသည် ယင်းဒေသတွင် နေထိုင်ကြသည့် ဒေသခံများနှင့် ဒေသခံအကြမ်းဖက်သမားများသာဖြစ်ကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူအကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ၊ နယ်မြေချဲ့ထွင်ရေး တိုက်ပွဲဖော်ဆောင်လာမှုများကို တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးသို့ ရောက်ရှိချိန်တွင် မိမိတို့ တာဝန်ထမ်းဆောင်ရမည့်နယ်မြေဒေသအတွင်း အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်နှင့် ပြည်သူလူထုကို အနိုင်ကျင့်နေမှုများ မရှိစေရေးအတွက် လုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်များကို ပြည်သူလူထုနှင့် ပူးပေါင်းပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် ရဲဝံ့စွန့်စားစွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထို့အပြင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာ ပြုလုပ်နိုင်ရေး၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့် မဆုံးရှုံးရရေး အတတ်နိုင်ဆုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခု တိုးတက်အောင်မြင်ရေးအတွက် စည်းလုံးညီညွတ်မှုသည် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အခြေခံပြီး တပ်တွင်းစည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ဟူသည့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ်နှင့်အညီ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းကလည်း ရဲဘော်အချင်းချင်းအပေါ် ထားရှိရမည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားဟူသည့် ရဲဘော်စိတ်ကို ထာဝစဉ်မွေးမြူထားရမည်ဖြစ်ကြောင်း၊ ထို့အပြင် စစ်သည်တော်ကျင့်ဝတ်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မိသားစုဝင်များကိုလည်း ညီအစ်ကိုမောင်နှမသဖွယ်၊ မိသားစုသဖွယ် အပြန်အလှန်လေးစားမှု၊ အလေးထားမှုများဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်သွားနိုင်ရေး စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ ကျစ်လျစ်ခိုင်မာသည့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

### ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်

မျက်မှောက်ကာလတွင် သတင်း၊ နည်းပညာနှင့် ဆက်သွယ်ရေးကွန်ရက်စနစ်များ လျင်မြန်စွာဖွံ့ဖြိုးလာမှုနှင့်အတူ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် လူမှုကွန်ရက်ကို အသုံးပြုပြီး တပ်မတော်ကို နိုင်ငံရေးသိက္ခာကျအောင်၊ ပြည်သူလူထုယုံကြည်မှု ပျက်ပြားအောင်နှင့် အထင်အမြင်လွဲမှားအောင် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့ ထိုးနှက်တိုက်ခိုက်မှုများနှင့် အခြေအမြစ်မရှိသည့် ပြောဆိုရေးသားမှုများသည် တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုအပေါ်၌ပါ ဆိုးရွားစွာ ထိခိုက်နိုင်သောကြောင့် မိမိတို့တပ်မတော်သားများ အပါအဝင် နိုင်ငံသားအားလုံးအနေဖြင့် အသိ၊ သတိများဖြင့်ယှဉ်ပြီး စဉ်းစားဆင်ခြင်နိုင်ရန်လိုအပ်ကြောင်း၊ တပ်မတော်နှင့်ပြည်သူအကြား စည်းလုံးညီညွတ်မှုအားနည်းပါက တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်မည် မဟုတ်သည့်အတွက် တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင် **"ပြည်သူသာအမိ၊ ပြည်သူသာအဖ"** ဟု သဘောထားပြီး တာဝန်ကျရာ နယ်မြေဒေသအသီးသီး၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သင်တန်းဆင်းပြီး ကျရာတာဝန်များကို ထမ်းဆောင်ရာတွင် တစ်ဦးချင်း တစ်ယောက်ချင်းအလိုက် အသိစိတ်ဖြင့် အရာရှိကောင်းများဖြစ်အောင် ထိန်းသိမ်းနေထိုင်သွားရမည်ဖြစ်ကြောင်း၊ မိမိအတွက် အကျိုးဖြစ်စေမည့် စာပေအသိပညာဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ် ဆောင်ရွက်နေမည်ဆိုပါက

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ ဖတ်မှတ်ထားသည်များကို အသုံးချခြင်းနှင့်မျှဝေပေးခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်းများမှ တစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားရသည့် အရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**ခေါင်းဆောင်ကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်**

မိမိတို့ တပ်မတော်၏ အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက် နိုင်ငံတော်အတွက် ရှေ့တန်းကမားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့သည့် ကောင်းမြတ်သော အတိတ်သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်ကောင်းများဖြစ်အောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ခေါင်းဆောင်တစ်ဦးသိသင့်သိထိုက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန်၊ စည်းကမ်းသည် တပ်မတော်၏ အသက်ဝိညာဉ်ဖြစ်သည့်အတွက် တပ်မတော်က ချမှတ်ထားသည့် စစ်ဘက်ဥပဒေ၊ စစ်စည်းကမ်းများအပြင် နယ်ဘက်ဥပဒေ၊ နယ်ဘက်စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာသွားကြရန်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့် (Fit For Fight) ဖြစ်အောင် အသက်အရွယ်အလိုက် လုပ်သင့်လုပ်ထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန်ဆောင်ရွက်သွားကြရန်၊ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြမည့် "အနာဂတ်၏ စစ်ခေါင်းဆောင်"များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

**ဂုဏ်ပြုအမှာစကား ပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း သက်နိုင်စိုး၊ စစ်ရေးပြ အကောင်းဆုံးဆုရ ဗိုလ်လောင်း နေသွေး၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်း အောင်လွင်ဌေးနှင့် ကြံ့ခိုင်ရေး အကောင်းဆုံးဆုရ ဗိုလ်လောင်း စန်းဇော်ဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်မှုနှင့် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန် လိုကြောင်း၊ ရှေ့ဆက်လက် လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံးတွင်လည်း မိဘများ၊ ဆရာ၊ ဆရာမများက သွန်သင်ပဲ့ပြင်ပေးခဲ့သည့် အခြေခံကောင်းများ၊ ယခု သင်တန်းမှ ရရှိခဲ့သည့် မိမိဘဝတိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်မှု၊စည်းကမ်းကောင်းမွန်မှုစသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ငယ်စဉ်ကလေးဘဝမှယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသွန်သင်ပေးခဲ့သည့် မိဘဆရာသမားများ၏ ကျေးဇူးကို မမေ့ရန်နှင့် မိသားစုမှ ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့် တပ်မတော်အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ မိမိတို့တွင် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဆက်လက်ကြိုးစားအားထုတ်သွားရန်လိုကြောင်းနှင့် မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဖတ်မှတ်လေ့လာခြင်းဖြင့် ဆက်လက်ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက် ကြိုးပမ်းသွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) သူရတပ်ခွဲပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) သူရတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်ရာထူး ခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်၊ ကျောင်းဆင်း ဗိုလ်လောင်းများ၊ ၎င်းတို့၏ မိဘဆွေမျိုးများနှင့် နည်းပြများ တက်ရောက်ကြသည်။



အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင် နေရာယူကြသည်။ ဆက်လက်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီး အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ကို ၁၉၄၆ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁မှ၁၆)အထိ လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇ မှ ၂၈)အထိ လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မော်ဘီမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၉ မှ ၈၂)အထိ လည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၃ မှ ယနေ့)အထိ ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) မှ ကျောင်းဆင်း အရာရှိများ အနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၆ ဦး၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခြင်းခံရသူ ၄၁၁ ဦးအထိ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်ဖိုမြို့နယ်၌ Air Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

**အုတ်ဖို ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီးကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကြီးမှူး၍ တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ဟာသ်ာရွှေမြေ သစ်သီးဝလံစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ တိုင်းဒေသကြီး အလုပ်သမားအဖွဲ့အစည်းတို့ပူးပေါင်းပြီး ဖေဖော်ဝါရီ၂၀ ရက်က အုတ်ဖိုမြို့နယ် မကျီးပင်ကျေးရွာ၌ Air Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး) ကျောင်းအုပ်ကြီး ဦးအောင်နိုင်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကာ ကျွမ်းကျင်နည်းပြသင်တန်းဆရာများက Air Compressor တစ်လုံး၏ အလုပ်လုပ်ပုံ၊ အခြေခံလျှပ်စစ်သဘောတရားများအကြောင်းစသည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်ထက်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင် လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)၊ စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ကျောင်းအုပ်ကြီး၊ ဗထူးတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)မှ သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား

## မိမိတို့အား ပေးအပ်လာသည့်တာဝန်များကို စွမ်းရည်သတ္တိအပြည့်ဖြင့် အောင်မြင်အောင်ထမ်းဆောင်ကြရန်လိုပြီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရ ကျန်းမာကြံ့ခိုင်မှုရှိရန်၊ ဇွဲ၊ လုံ့လ၊ ဝီရိယ အပြည့်ဖြင့် တာဝန်ထမ်းဆောင်ကြရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)မှ သင်တန်းသားအရာရှိများအား အဆိုပါ သင်တန်းကျောင်း အောင်ဆန်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ ဗထူးတပ်နယ်မှ တာဝန်ရှိသူများ၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ နည်းပြများနှင့် သင်တန်းသား အရာရှိများ တက်ရောက်ကြသည်။

### နိုင်ငံတော်၏ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် တပ်မတော်၏ နိုင်ငံ့အရေး ထမ်းဆောင်မှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နိုင်ငံတော်ဖြစ်တည်မှု ပထဝီမြေအနေအထားအရ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တာဝန်များကို တစိုက်မတ်မတ် ထမ်းဆောင်ခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဦးဆောင်ခဲ့သည့် အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးရသက်တမ်း ၂ ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရသည့်အခြေအနေများနှင့် ပတ်သက်၍ ဦးစွာအကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### လွတ်လပ်၍ တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေး

ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုဖြစ်ရပ်များကြောင့် တာဝန်ယူခဲ့ရသည့် အစိုးရဖြစ်သဖြင့် လွတ်လပ်၍ တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေဖော်ဆောင်ပေးရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ပိုမိုရရှိရန်လိုအပ်မည်ဖြစ်သဖြင့် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### အခြေခံစိတ်ဓာတ်ကောင်းများဖြင့် ပေးအပ်လာသည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရမည်

တပ်မတော်ပိုင်းနှင့်ပတ်သက်၍ တပ်မတော်သားများသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်မည်ဟူသည့် မွန်မြတ်သည့်စိတ်ဓာတ်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်ခဲ့ကြသူများပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေခံစိတ်ဓာတ်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် တပ်မတော်မှပေးအပ်လာသောတာဝန်များကို ဂုဏ်ယူစွာဖြင့် ဆက်လက်ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာ၌ **မိမိတို့အား ပေးအပ်လာသည့်တာဝန်များကို စွမ်းရည်သတ္တိအပြည့်ဖြင့် အောင်မြင်အောင်ထမ်းဆောင်ကြရန်လိုပြီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရ ကျန်းမာကြံ့ခိုင်မှုရှိရန်၊ ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊** ယခုကဲ့သို့ သင်တန်းများမှ သင်ကြားပို့ချပေးသည့် စစ်နည်းဗျူဟာများ၊ စစ်အခြေခံသဘော တရားများကို အမှန်တကယ်သိရှိနားလည်တတ်ကျွမ်းမှုရှိအောင် သင်ယူလေ့လာသွားကြရန်လိုပြီး လက်တွေ့စစ်မြေပြင်တွင် အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကြံ့ခိုင်မှုရှိပါက လုပ်ငန်းများကို ရာနှုန်းပြည့်အောင်မြင်အောင်ထမ်းဆောင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်းစိတ်ဓာတ်ခိုင်မာမှုရှိစေရေး၊ ကြံ့ခိုင်မှုရှိစေရေး ယုံကြည်ချက်၊ ခံယူချက်ကောင်းစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရန်လိုကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် တစ်ဦးချင်းစီအလိုက် ရည်မှန်းချက်များကိုယ်စီရှိကြမည်ဖြစ်ပြီး

*စာမျက်နှာ ၈ သို့*

☆ **ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များ၊ စစ်နည်းဗျူဟာများကို မျက်ခြည်မပြတ် သိရှိနေစေရေး စဉ်ဆက်မပြတ်သည့် လေ့လာဆည်းပူးမှုများကို ဆောင်ရွက်သွားကြရမည်ဖြစ်**

☆ **စဉ်းစားတွေးခေါ်မှုနှင့် အသိပညာများ ပြည့်စုံမှသာလျှင် ခေါင်းဆောင်ကောင်းဖြစ်နိုင်မည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်လာကြသည့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

*စာမျက်နှာ ၇ မှ*

မိမိတို့၏ရည်မှန်းချက်များ အောင်မြင်မှုရှိစေရေး၊ မပျောက်ပျက်စေရေး မလျှော့သော ဇွဲ၊ လုံ့လများဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များ၊ စစ်နည်းဗျူဟာများကို မျက်ခြည်မပြတ် သိရှိနေစေရေး စဉ်ဆက်မပြတ်သည့် လေ့လာဆည်းပူးမှုများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခိုင်မာတည်ကြည်သည့်စိတ်ဓာတ်များဖြင့် မိမိကိုယ်ကို ထိန်းသိမ်း၍ ရည်မှန်းချက်များ အောင်မြင်မှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**အမြဲမပြတ်လေ့လာ**

ခေါင်းဆောင်မှုအပိုင်းနှင့် ပတ်သက်၍ ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့် မိမိကိုယ်ကို ချိန်ထိုးသုံးသပ်ကာ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ **စဉ်းစားတွေးခေါ်မှုနှင့် အသိပညာများပြည့်စုံမှသာလျှင် ခေါင်းဆောင်ကောင်းဖြစ်နိုင်မည်**ဖြစ်ပြီး မိမိဦးဆောင်ရသည့်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများအောင်မြင်မှုရှိစေရေး အဘက်ဘက်မှ စဉ်းစားတွေးခေါ်သုံးသပ်၍ ဦးဆောင်ကွပ်ကဲဆောင်ရွက်သွားရန်လိုကြောင်း၊ ခေါင်းဆောင်များ၏ တာဝန်ဝတ္တရားများသည် အလွန်ကျယ်ပြန့်သည့်အတွက် တာဝန်ထမ်းဆောင်ရာတွင် စနစ်ကျနမှုရှိရန်လိုပြီး အမြဲမပြတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိတို့ကွပ်ကဲရသည့် တပ်နှင့် စစ်သည်များ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ရောက်ရှိစေရေး လမ်းညွှန်ပြသနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိကိုယ်တိုင် သိသင့်သိထိုက်သည်များကို ဖတ်မှတ်လေ့လာနေရန် လိုအပ်သကဲ့သို့ မိမိလက်အောက်ကိုလည်း အသိပညာတိုးပွားစေရေး စာပေလေ့လာဖတ်ရှုမှုများကို ဆောင်ရွက်စေရန်လိုကြောင်း၊ အသိပညာ အတတ်ပညာများရှိမှသာလျှင် မိမိတို့ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌ အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာဖြင့်မိမိတို့၏ ခေါင်းဆောင်မှုတန်ဖိုးများ ရရှိကြစေလိုကြောင်း။

**လေ့ကျင့်ရေး**

တပ်တည်ဆောက်ရေး လုပ်ငန်းရပ်များဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့်ပတ်သက်၍ **မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်**ကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် သင်ကြားပေးထားသည့် အခြေခံစစ်ပညာများကို မှန်ကန်စွာအသုံးချနိုင်ရေး၊ ကိုင်ဆောင်ရသည့်လက်နက်ခဲယမ်းများကို အကျိုးရှိထိရောက်စွာ ကိုင်တွယ်အသုံးချနိုင်ရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်လုပ်ဆောင်ရမည့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို တစ်ဦးချင်းစီအလိုက်၊ အဖွဲ့အလိုက် မှန်မှန်ကန်ကန် လုပ်ဆောင်စေရေးအတွက်လည်း ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့် ပတ်သက်လာပါက စစ်သားကောင်းတစ်ယောက်ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းကို အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**အုပ်ချုပ်ရေး**

အုပ်ချုပ်ရေးပိုင်းနှင့်ပတ်သက်၍ ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ရှိရန်လိုကြောင်း၊ စစ်သည်တိုင်း တစ်ဦးချင်းစစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာများသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှုညီညွတ်မျှတကောင်းမွန်ရေးကို အလေးထားလိုက်နာဆောင်ရွက်သွားရန် လိုကြောင်း၊ ကွပ်ကဲအုပ်ချုပ်ရသူများအနေဖြင့် ဆက်ဆံရေးကောင်းမွန်ရန်လိုပြီး မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် အရာရှိ၊ စစ်သည်များအပေါ် တပ်မှူးကောင်းသဖွယ်၊ မိဘသဖွယ်စိတ်ထား၍ စိတ်ရင်းစေတနာကောင်းဖြင့် ကွပ်ကဲအုပ်ချုပ်သွားရန် လိုကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်းစီ၏ သဘောသဘာဝကိုသိရှိပြီး လူမှန်နေရာမှန်တာဝန်ပေးအပ်နိုင်ခြင်းဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဦးဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း။

**သက်သာချောင်ချိရေး**

သက်သာချောင်ချိရေးနှင့် ပတ်သက်၍ တပ်မတော် ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် သက်သာချောင်ချိရေးနှင့် မိမိတို့ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့်လည်း တစ်ဦးချင်းသက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက်လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များပေးထားပြီးဖြစ်ကြောင်း၊ ကွပ်ကဲအုပ်ချုပ်ရသူများအနေဖြင့် စစ်သည်အဆင့်အတန်းအားလုံး၏ ရသင့်ရထိုက်သည်များကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအခက်အခဲ၊ အကျပ်အတည်းများကိုလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် တစ်ဦးချင်းသက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်စေခြင်းသည် အကျိုးအမြတ်အတွက် အဓိကမဟုတ်ဘဲ တပ်မိသားစုဝင်များအားလုံး အသား၊ ငါးနှင့် ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ဝစွာစားသုံးနိုင်ရေးအတွက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

**ထိန်းသိမ်းတည့်မတ်ရန်လို**

စစ်သည်များ၊ အရာရှိများအနေဖြင့် ကောင်းမွန်ခိုင်မာသည့်စိတ်ဓာတ်များ ရှိစေရေးအတွက် ကောင်းမွန်သည့်ခေါင်းဆောင်မှုဖြင့် တည်ဆောက်သွားကြရန်လိုကြောင်း၊ အဆင့်ဆင့်သော ခေါင်းဆောင်များကိုယ်တိုင်က စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှသာလျှင် စစ်သည်တစ်ဦးချင်းစီအလိုက် စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်လာပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း၏ အခြေခံစိတ်နေသဘောထားများကို သိရှိနေမှသာလျှင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏ အားနည်းချက်၊ လိုအပ်ချက်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျနေထိုင်သွားလာစားသောက်မှု ဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ဂရုတစိုက်ဖြင့် ထိန်းသိမ်းတည့်မတ်ပေးရန် လိုအပ်မည်ဖြစ်ပြီး နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်စေရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယနေ့တွေ့ဆုံပွဲတွင် တပ်မတော်သားဘဝဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများ၊ တာဝန်ထမ်းဆောင်ခဲ့မှုများ၊ ဖတ်မှတ်လေ့လာခဲ့သည့် အသိအမြင်များနှင့်တကွ အကျယ်တဝင့်ဆွေးနွေးပြောကြားခဲ့ခြင်း ဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် ဘဝဖြတ်သန်းမှုတစ်လျှောက်တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) အစည်းအဝေးခန်းမ၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို လည်းကောင်း၊ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ကျောင်းအုပ်ကြီးက လေ့ကျင့်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နိုင်မှု၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၉ သို့*

❖ **လုံခြုံရေးသည် တစ်ဦးချင်းဆောင်ရွက်၍ ရနိုင်သည့်ကိစ္စရပ်ဖြစ်ပြီး ကာကွယ်ရေးသည် ကြီးကြပ်ကွပ်ကဲသူများက ရေရှည်စီမံချက်များ၊ ကြိုတင်မျှော်တွေးခြင်းများ၊ ပေါင်းစပ်ညှိနှိုင်းခြင်းများဖြင့် ဆောင်ရွက်ရသည့် ကိစ္စရပ်ဖြစ်**

❖ **မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ထုတ်လုပ်ခြင်း၊ သို့လှောင်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်းဟူ၍ရှိ**

❖ **အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းမှ ရရှိလာသည့် အရင်းအမြစ်များဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗထူးတပ်နယ်အတွင်းရှိ နယ်မြေခံ စိုက်ပျိုးမွေးမြူရေးတပ်ရင်းနှင့် တပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဗထူးတပ်နယ်အတွင်းရှိ နယ်မြေခံ စိုက်ပျိုးမွေးမြူရေးတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် နယ်မြေခံတပ်မတော်ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နယ်မြေခံ စိုက်ပျိုးမွေးမြူရေး တပ်ရင်းသို့ရောက်ရှိရာ တပ်ရင်းအစည်းအဝေးခန်းမ၌ တပ်ရင်းမှူးက မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းမှ ထွက်ရှိမှုများကို သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများ၊ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ယခုထက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သီးနှံများစိုက်ပျိုး ထုတ်လုပ်ရာတွင် အထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် မျိုး၊ မြေ၊ ရေ၊ နည်း မှန်မှန်ကန်ကန်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံမှုရှိမှုကို အထောက်အကူဖြစ်စေရေးအတွက် နေကြာအထွက်နှုန်း ကောင်းမွန်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ အခြားစိုက်ပျိုးသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီသည့် အထွက်နှုန်းရရှိအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးတပ်ရင်းအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စံပြဖြစ်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ တပ်တွင်း၌ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်ရုံမျှသာမက ပြင်ပသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့်အတွက် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုက အထူးပင် ကျေးဇူးတင်လျက်ရှိသည်ကိုလည်း တွေ့ရှိရပြီး ယခုထက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗထူးတပ်နယ်အတွင်းရှိ နယ်မြေခံ စိုက်ပျိုးမွေးမြူရေးတပ်ရင်း၌ ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိမှု လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စံပြစိုက်ပျိုး

စာမျက်နှာ ၁၀ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို အားပေးစကားပြောကြားစဉ်။

*စာမျက်နှာ ၈ မှ*

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ နယ်မြေခံတပ်များအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပါက လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့တာဝန်ထမ်းဆောင်ရသည့်နယ်မြေဒေသအလိုက် ဒေသနှင့်ဒေသခံများ၏ အကျိုးစီးပွားများ မထိခိုက်အောင် အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **လုံခြုံရေးသည် တစ်ဦးချင်းဆောင်ရွက်၍ ရနိုင်သည့်ကိစ္စရပ်ဖြစ်ပြီး ကာကွယ်ရေးသည် ကြီးကြပ်ကွပ်ကဲသူများက ရေရှည်စီမံချက်များ၊ ကြိုတင်မျှော်တွေးခြင်းများ၊ ပေါင်းစပ်ညှိနှိုင်းခြင်းများဖြင့် ဆောင်ရွက်ရသည့်ကိစ္စရပ်ဖြစ်**ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ဒေသတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် မှန်သမျှကို ကာကွယ်နိုင်ရေး အမြင်ကျယ်ကျယ်ဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ **မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ထုတ်လုပ်ခြင်း၊ သို့လှောင်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်းဟူ၍ရှိပြီး** ကွင်းဆက်များကို ဖိဖိစီးစီးဖြင့် ဖော်ထုတ်နှိမ်နင်းသွားရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်းမရှိစေရေး သက်ဆိုင်ရာ နယ်မြေအလိုက် တာဝန်ရှိသူများအနေဖြင့် အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းမှရရှိလာသည့် အရင်းအမြစ်များဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းဖြစ်**သဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်လာပါက ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သင်တန်းသား ရေကူးကန်နှင့် ဗထူးစမ်းထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

မွေးမြူရေးဇုန်အတွင်းရှိ မြေစိုက်ရေခံအဆောက်အအုံနှင့် လေလုံအအေးပေးအဆောက်အအုံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန်ရည်မှန်းချက် တာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုမှတ်တမ်းများ၊ မွေးမြူရေးစခန်းမှထွက်ရှိသော လားချေး၊ မြင်းချေးများ၊ စံပြမွေးမြူရေးဇုန်မှထွက်ရှိသော ကြက်၊ ဝက်၊ နွားချေး ကုန်ကြမ်းပစ္စည်းများနှင့် အခြားစိုက်ပျိုးရေး စွန့်ပစ်ကုန်ကြမ်းပစ္စည်းများအား မြေဆီဩဇာကြွယ်ဝသော သဘာဝမြေဆွေးအဖြစ် စမ်းသပ်ထုတ်လုပ်အသုံးပြုလျက်ရှိမှု၊ စိုက်ပျိုးရေးဇုန်မှထွက်ရှိသည့် နေကြာစေ့မှ ဆီကြိတ်ခွဲထုတ်လုပ်နေမှု၊ သဘာဝမြေဩဇာများထုတ်လုပ်ထားရှိမှု၊ ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညင်း၊ ခရမ်း စသည်များကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့် မျိုးစေ့ထုတ်လုပ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပြင်ပသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဝေ ရောင်းချပေးလျက်ရှိမှု၊ ဆီနေကြာမျိုးစေ့ ထုတ်ယူရန် နမူနာ ခင်းကျင်းပြသထားရှိမှု၊ Green House အတွင်းနှင့် စိုက်ပျိုးရေးခြံအတွင်း ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မေထုန်မဲ့နည်းပညာဖြင့် နို့စားနွားနှင့် DYL မျိုးမြင့် ဝက်များမွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြပြီး နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ ဓမ္မာရုံအသစ်ဆောက်လုပ်လှူဒါန်းခြင်း အခမ်းအနားတက်ရောက်

**ဟားခါး ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ မှုထန်နှင့် ဒေါက်တာ ဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ချင်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာသနာ့ရက္ခိတကျောင်း၌ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်သည့် ဓမ္မာရုံအသစ်ဆောက်လုပ် လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆရာတော်သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညို၍**(ယာပုံ)** လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။



ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟားခါးပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ **(အောက်ပုံ)**

ယင်းနောက် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးက ဆေးရုံဆိုင်ရာ အချက်အလက်များနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ဖြည့်စွက်ဆွေးနွေးသည်။

ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျန်းမာရေး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါ ဆေးရုံကြီးတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ရေး ခေတ်မီစက်ကိရိယာများ၊ ဆေးဝါးပစ္စည်းများနှင့် အထူးကုဆရာဝန်ကြီးများ ပြည့်စုံစွာ ဖြည့်ဆည်းပေးထားပြီး လိုအပ်သည်များကို ဆက်လက်၍ အဆင့်မြှင့်တင် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဇလပ်ရိပ်သာတွင် ဟားခါးမြို့နှင့် ထန်တလန်မြို့တို့မှ မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**







**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ (၁၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့တွင် နေပြည်တော်ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။** (ယာပုံ)



စုပေါင်း သွေးလှူဒါန်းပွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် စေတနာ သွေးလှူရှင် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်လှူဒါန်းခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် (၁၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီး၊ ပုသိမ်နှင့် ထားဝယ်မြို့တို့ရှိ ဆေးရုံများနှင့် သွေးဌာနများတွင် တစ်ပြိုင်တည်းကျင်းပခဲ့ကာ စုစုပေါင်း လူဦးရေ ၃၂၀ ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဝန်ထမ်းများ စည်းလုံးညီညွတ်ရေး၊ လုပ်ငန်းခွင်ပျော်ရွှင်စေရေး၊ ဝန်ထမ်းများအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် အဖွဲ့အစည်းစိတ်ဓာတ်ဖြစ်ပေါ်ခိုင်မာအားကောင်း လာစေရေး၊ ပျော်ရွှင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းရေးဟူသော ရည်ရွယ်ချက်များဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၉) နိုင်ငံခြားရေး ဝန်ကြီးဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။





ထမနဲထိုးပြိုင်ပွဲသို့ အထူးဧည့်သည်တော်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထမနဲထိုးပြိုင်ပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနတို့မှ ဌာနအလိုက် အရာထမ်း၊ အမှုထမ်းများ ပါဝင်သည့် ပြိုင်ပွဲဝင်အသင်း ရှစ်သင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း အမှတ်ပေး သတ်မှတ်ချက်များနှင့် အညီ အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ကြပြီး ဝန်ထမ်းများကလည်း ဦးစီးဌာနအလိုက် အိုးစည်ဒိုးပတ်များဖြင့် တီးမှုတ်ကခုန်၍ ပျော်ရွှင်စွာ အားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်း ရှစ်သင်းတို့၏ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများကို ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မုံရွာမြို့နယ်မှပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်မှုနှင့် Unique ID ထုတ်ပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မုံရွာမြို့ ချင်းတွင်းခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က လစဉ် ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် အာဟာရဖြည့်စွက်စာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစားဝန်ထမ်းများအား နံနက်စာကျွေးမွေးနေမှုကို ကြည့်ရှုအားပေးပြီး အငြိမ်းစားဝန်ထမ်း ၈၀၀ ကျော်အတွက် အာဟာရဖြည့်စွက်စာကြက်ဥနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မုံရွာခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ဆီးချို၊ သွေးတိုး၊ နှလုံးနှင့် အထွေထွေကျန်းမာရေး စစ်ဆေးကုသပေးနေမှုနှင့် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ အခြေခံစားသောက်ကုန်များနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မုံရွာမြို့ ပြည်သူ့အားကစားကွင်း ဖူဆယ်အားကစားရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မုံရွာမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးရေး လုပ်ငန်းကွင်းဆင်း ဆောင်ရွက်နေမှုနှင့် နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်း One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ယနေ့အထိ မုံရွာမြို့နယ်မှ ဒေသခံပြည်သူ ၃၃၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Biometric ကောက်ယူကာ Unique ID ထုတ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့်တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC နှစ်ဖက် ကြိုတင်ဖြည့်ဆည်းရမည့်အချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC နှစ်ဖက် ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent) နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၂၅ ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၁ ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရခိုင်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် တရုတ်နိုင်ငံ CITIC Group ဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက်တို့အကြား လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ်တွင် ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ Concession Agreement ၏ နောက်ဆက်တွဲစာချုပ် (Addendum) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာတွင် လက်မှတ်ရေးထိုးခဲ့ပြီး Long Stop Date ကို ၁၈ လကာလ သက်တမ်းတိုးပေးခဲ့ကြောင်း၊ Long Stop Date သက်တမ်းတိုးမြှင့်ထားသည့်ကာလသည် လာမည့်ဇွန်လတွင် ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါ သက်တမ်းမပြည့်မြောက်မီ လုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည့်အတွက် သတ်မှတ်ရက်မရောက်မီ လုပ်ငန်းများကို ပြီးစီးအောင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းအကောင်အထည်ဖော်ရေးအတွက် အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သောသဘောတူစာချုပ် (Shareholders' Agreement)တွင် ဖော်ပြထားသည့်အတိုင်း မြန်မာ-တရုတ် နှစ်ဖက်အနေဖြင့် စီမံကိန်းမစတင်မီ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည့် စာချုပ်ပါအချက်များအနက် မြန်မာဘက်က ဆောင်ရွက်ရမည့်အချက် ၁၀ ချက်၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်ရမည့်အချက် ၄ ချက်တို့ကို သတ်မှတ်ကာလအတိုင်း ပြီးမြောက်အောင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သက်တမ်းတိုးမြှင့်ထားသည့်ကာလမတိုင်မီ သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ရမည့်လုပ်ငန်းများကို Timeline ချမှတ်၍ ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့် အချက်များ (Conditions Precedent) နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်နိုင်ရန် နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent)နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိစေရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိစေရေးအတွက် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အောင်မြင်မှု ရရှိရေးအတွက် လူရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ ယှဉ်ပြိုင်အောင်နိုင်ရေး ကိစ္စများကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာသော မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေဖြင့် သက်ဆိုင်ရာအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့ ဆွေးနွေးမှုများကို စုစည်း၍ အောင်မြင်မှုရရှိရေးအတွက် လိုအပ်သည်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိသားစုစိတ်ဓာတ်ဖြင့် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက အဖွဲ့ချုပ်အလိုက် အားကစားသမားများ စိစစ်ရွေးချယ် စခန်းသွင်းနိုင်ရေး၊ အရည်အချင်းမီနည်းပြများ တာဝန်ပေးအပ်ရေးနှင့် လေ့ကျင့်ရေးကိစ္စများ၊ စားသောက်ရေးကိစ္စရပ်များ၊ အထောက်အကူပြု ပစ္စည်းများ အချိန်မီ သယ်ယူရရှိနိုင်ရေး၊ အားကစားသမားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရေး၊ Joint Training ပူးတွဲသွားရောက်လေ့ကျင့်နိုင်ရေး၊ အောင်မြင်မှုရရှိသော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေအပြင် မိသားစုနေ့ထိုင်ရေးအတွက် ပံ့ပိုးပေးရန်ကိစ္စရပ်များ အပါအဝင် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်း ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ယနေ့တွင် ပြည်ထောင်စုဝန်ကြီးသည် လေ့လော်၊ ပီတန်း၊ ခြင်းလုံး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ပြေးခုန်ပစ်၊ ခရစ်ကက်၊ သေနတ်ပစ်၊ ရိုးရာလက်ဝှေ့၊ အလေးမ၊ ကြက်တောင်၊ ရွက်လှေ၊ စက်ဘီး၊ စစ်တုရင်၊ ကရာတေး စသည့် သက်ဆိုင်ရာအားကစားနည်းများမှ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ရွှေဘိုခရိုင်၌ နှမ်းစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

**ရွှေဘို ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက နှမ်းစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး သင်တန်းဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် မျိုးစေ့တာဝန်ခံက နှမ်းစပါးတွင် စိုက်ပျိုးမည့် မျိုးကောင်းမျိုးသန့်များအကြောင်းကို လည်းကောင်း၊ ခရိုင် မြေအသုံးချရေး တာဝန်ခံက နှမ်းစပါးတွင် ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရမည့် နည်းများကို လည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံက နှမ်းစပါးပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရမည့် နည်းများနှင့် ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက နှမ်းစပါးပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးအတွက် လိုက်နာရမည့် နည်းလမ်းများကို လည်းကောင်း သင်ကြားပို့ချသည်။

ရွှေဘိုခရိုင်တွင် သဖန်းဆိပ်ဆည်ရေဖြင့် နှမ်းစပါးကေ ၁၄၄၆၅၀ လျာထား စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ပါသဖြင့် နှမ်းစပါးစိုက်ပျိုးမည့်တောင်သူများ အထွက်နှုန်းတိုးတက်ထွက်ရှိရေး နည်းပညာများကို စနစ်တကျလိုက်နာကျင့်သုံးနိုင်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ သင်တန်းဖွင့်လှစ်ရာသို့ ရွှေဘို၊ဝက်လက်နှင့် ခင်ဦးမြို့နယ်များမှတောင်သူ၂၄ ဦး၊ ပညာပေးကွင်းဝန်ထမ်း ၃၅ ဦး စုစုပေါင်း ၅၉ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**

ဖေဖော်ဝါရီ ၂၁ ရက်က အလုံမြို့နယ် ဆင်မင်းဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ငြိမ်းသတ်သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်စုံနှင့် အဖွဲ့ဝင်များ ဆောင်ရွက်စဉ်။

တင်ဝင်းတင်



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလားဖိတ်ခေါ် စနူကာပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၂၁

၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလားဖိတ်ခေါ်စနူကာပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ 7 Club ဘိလိယက်နှင့် စနူကာရုံ၌ ကျင်းပရာ နေပြည်တော်အားကစားနှင့်ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စနူကာပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် အမှတ်အများဆုံးဆု၊ ပူးတွဲတတိယဆုရရှိသူများ၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကို နေပြည်တော်ရှိ Naypyitaw State Polytechnic University ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီမှ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Naypyitaw State Polytechnic University ကျောင်းသား ကျောင်းသူများက Welcome to NSPU တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ယင်းနောက် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) က ဗလငါးတန်ပြည့်ဝရန် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းစာကြည့်တိုက်အတွက် မတည်ငွေကျပ် ၁၀ သိန်းနှင့် စာအုပ်စာစောင်များကို ဒုတိယပါမောက္ခချုပ် ဒေါက်တာ စိုးလင်းအောင်ထံ ပေးအပ်ပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောသည့် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) ကို ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်အား စာအုပ်များနှင့် အားကစားပစ္စည်းများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက လူငယ်ရေးရာ အသိပညာပေးဟောပြောသည့် စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်) အား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့ ပြင်သစ်နိုင်ငံ၌ ကျင်းပသည့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ မျက်နှာစုံညီအစည်းအဝေးတက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၁** ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) မျက်နှာစုံညီ အစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေး လုပ်ငန်းအဖွဲ့ (International Cooperation Review Group – ICRG) အစည်းအဝေးတို့ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

အစည်းအဝေးများတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအား နိုင်ငံတကာစံနှုန်းများ၊ FATF အကြံပြုချက်များနှင့်အညီ စဉ်ဆက်မပြတ် အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအမံပါအချက်များအား ပြည်တွင်းလုပ်ငန်းစွမ်းအားအရင်းအမြစ်များဖြင့် ဆောင်ရွက်ခဲ့ရာ ကြီးမားစွာ လိုက်နာဆောင်ရွက်ခြင်း အဆင့်သတ်မှတ်ချက် အချက် (၉) ချက်အထိ တိုးမြှင့်ရရှိလာမှု၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့် အချက် (၆) ချက်အား အချိန်ကာလသတ်မှတ်ထားရှိ၍ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ဥပဒေပိုင်းဆိုင်ရာမူဘောင်များ ပိုမိုခိုင်မာမှုရှိစေရန် FATF ၏ အကြံပြုချက်များနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ယုံကြည်အပ်နှံမှုအက်ဥပဒေများကိုပြင်ဆင်ထုတ်ပြန်ခဲ့မှု၊ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေကိုလည်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့မှုတို့ကို အသေးစိတ်ဆွေးနွေးသည်။

ဆက်လက်၍ ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ AML/CFT ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ကို ရေးဆွဲ၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက် ရှိခြင်းကြောင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ကုန်တွင် ကျန်ရှိသည့်အစီအမံ (Action Plan) များကို အပြည့်အဝလိုက်နာ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်ပြည်ပကျွမ်းကျင်ပညာရှင်များ၏ နည်းပညာအကူအညီများရယူနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအရ စိတ်အားထက်သန်မှု (Political Will) နှင့် နိုင်ငံရေးအရ အဆင့်မြင့်အရာရှိကြီးများ၏ သန္နိဋ္ဌာန်ချမှတ်ထားမှု (High-level Political Commitment) တို့အပါအဝင် တိုးတက် ဆောင်ရွက်ခဲ့မှုများစွာ ဆောင်ရွက်ခဲ့ပါကြောင်း ဆွေးနွေးသည်။

အလားတူ ICRG အစည်းအဝေးတွင် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) တွဲဖက်သဘာပတိက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ (၁၃) ကြိမ်မြောက် တင်ပြသည့် တိုးတက်မှု အစီရင်ခံစာတွင် လက်ငင်းရလဒ် (၁၀/၁၁.၁) ဖြစ်သည့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုအား တားဆီးအရေးယူဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးအရ ပစ်မှတ်ထားအရေးယူဆောင်ရွက်ရာတွင် ဥပဒေပိုင်းဆိုင်ရာစည်းနှောင်မှုရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် တစ်စိတ်တစ်ပိုင်း လိုက်နာဆောင်ရွက်ခြင်းအဆင့်မှ ကြီးမားစွာ လိုက်နာဆောင်ရွက်ခြင်းအဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် အာရှပစိဖိတ်ဒေသငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group– APG) မှ သုတေသနနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ဒုတိယညွှန်ကြားရေးမှူးက မြန်မာနိုင်ငံအနေဖြင့် FATF နှင့် APG အပါအဝင် အခြားနိုင်ငံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုမှု အပြည့်အဝရှိကြောင်းနှင့် အားနည်းချက်များကို ပြုပြင်ရန် နိုင်ငံရေးအရ အဆင့်မြင့်အရာရှိကြီးများကိုယ်တိုင် စိတ်အားထက်သန်မှုရှိကြောင်းကို ပြသခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် APG နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ နည်းပညာအကူအညီ မရရှိသော်လည်း ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ICRG အစည်းအဝေးတွင် ဆွေးနွေးချက်များအရ မြန်မာနိုင်ငံဆိုင်ရာ တင်ပြချက်ကို FATF မျက်နှာစုံညီ အစည်းအဝေး၌ ဆက်လက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့် အချက်များအပေါ် တိုးတက်လိုက်နာဆောင်ရွက်မှုများ ရှိခြင်းကြောင့် မြန်မာနိုင်ငံအား မူလအတိုင်း အလေးထားစိစစ်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းတွင်ပင် ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၅ ရက်အထိ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်ရှစ်မြို့နယ်တွင် စတုတ္ထအကြိမ်မြောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၅ ရက်အထိ အခမဲ့ဆေးထိုးနှံခြင်းအား နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ လာရောက်ထိုးနှံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | မြို့နယ် | ဖုန်းနံပါတ် |
|---|---|---|
| ၁။ | ဒက္ခိဏသီရိ | ၀၉-၅၃၀၁၁၀၇ |
| ၂။ | ဇမ္ဗူသီရိ | ၀၉-၄၀၁၆၃၅၈၉၃ |
| ၃။ | ပျဉ်းမနား | ၀၉-၂၅၀၁၂၆၁၃၆ |
| ၄။ | ပုဗ္ဗသီရိ | ၀၉-၇၈၀၁၅၃၃၆၁ |
| ၅။ | ဇေယျာသီရိ | ၀၉-၂၅၀၁၀၃၉၈၁ |
| ၆။ | တပ်ကုန်း | ၀၉-၇၉၇၉၄၅၇၁၂ |
| ၇။ | ဥတ္တရသီရိ | ၀၉-၉၆၆၅၀၉၁၆၀ |
| ၈။ | လယ်ဝေး | ၀၉-၉၇၆၆၀၄၄၂၂ |

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၂)
## (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

*မြင့်စိုး(နတလ)*

**ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြခန်းကို MSME လုပ်ငန်းရှင်များ ပြည်တွင်းဈေးကွက်ရရှိစေရေး၊ ပြည်ပဈေးကွက် ထိုးဖောက်နိုင်စေရေး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရရှိနိုင်စေရေး၊ အစိုးရဌာနများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများတွင် One Stop Service ပေးနိုင်ရေး ရည်ရွယ်ဖွင့်လှစ်ပြသထားခြင်း ဖြစ်သည်။

အဆိုပါပြခန်းတွင် ပြည်တွင်းဈေးကွက်ရရှိစေရန်အတွက် MSME လုပ်ငန်းရှင်များမှ ဈေးကွက်တွင် ဖြန့်ချိလိုသော ထုတ်ကုန်နမူနာများကို ယူဆောင်ပြသပြီး လက်လီလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးသည့်အတွက် တစ်ချိန်တည်းတွင် မိမိတို့ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့နိုင်ပြီး ပြည်တွင်းဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် သွင်းကုန် အစားထိုးလာနိုင်ခဲ့ကြောင်း တွေ့ရသည်။

ပြည်ပဈေးကွက်ထိုးဖောက်နိုင်စေရန်အတွက် တရုတ်-ဟောင်ကောင်၊ တရုတ်-ကူမင်း၊ တရုတ်-နန်နင်း၊ တရုတ်-ပေကျင်း၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ စင်ကာပူ၊ အိန္ဒိယ-ဒေလီ၊ အိန္ဒိယ-ကာလကတ္တား၊ ဂျပန်၊ ကိုရီးယား၊ ဂျာမနီ၊ ရုရှား အမေရိကန်၊ UAE နိုင်ငံတို့ရှိ စီးပွားရေးသံမှူး ၁၆ ဦးတို့က ပြည်ပစီးပွားဈေးကွက်ထိုးဖောက်လိုသော MSME လုပ်ငန်းရှင်များနှင့် Zoom Application ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့်အတွက် ပြည်ပဈေးကွက်၏ လိုအပ်ချက်များကို သိရှိစေခြင်း၊ MSME လုပ်ငန်းရှင်များ စီးပွားရေးအမြင် ကျယ်လာပြီး ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရန် နည်းလမ်းများ ရရှိစေခဲ့ပါသည်။

ရင်းနှီးမတည်ငွေ ချိတ်ဆက်ရရှိနိုင်စေရန်အတွက် MEB၊ MCB၊ SME Development၊ A Bank၊ KBZ၊ AYA၊ uab၊ Shwe Bank စသည့်ဘဏ်ရှစ်ဘဏ်နှင့် MSME လုပ်ငန်းရှင်များအား ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်လိုသော MSME လုပ်ငန်းရှင်များအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများ ချေးယူနိုင်သည့် လုပ်ငန်းစဉ်များကို သိရှိစေနိုင်သည်။

**ဦးစီးဌာနအလိုက် ဝန်ဆောင်မှုများ**

အစိုးရဌာနများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများတွင် One Stop Service တွင် မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်း၊ တီထွင်ဆန်းသစ်မှုဖော်မြူလာများကို မူပိုင်ခွင့်တင်နိုင်ရေး အသိပညာပေးခြင်းနှင့် မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားမည်ဆိုပါက မှတ်ပုံတင်လက်မှတ်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ **ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**အနေဖြင့် လုပ်ငန်းရှင်များ၏ ကုမ္ပဏီအသစ်များ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**အနေဖြင့်လည်း ပို့ကုန်/သွင်းကုန်များ တင်ပို့/သွင်းနိုင်ရေး မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ **စိုက်ပျိုးရေးဦးစီးဌာန**အနေဖြင့်လည်း စိုက်ပျိုးရေးထုတ်ကုန်များ Export လုပ်မည်ဆိုပါက ဆောင်ရွက်ရမည့်နည်းလမ်း၊ နိုင်ငံများ၏ ကန့်သတ်ချက်များ၊ ပိုးမွှားကင်းစင်ကြောင်း စစ်ဆေးချက်ထုတ်ယူရမည့်နေရာများ အစရှိသည်တို့ကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**အကောက်ခွန်ဦးစီးဌာန**အနေဖြင့် ပို့ကုန်/သွင်းကုန်များနှင့်ပတ်သက်ပြီး အကောက်ခွန်နှင့်သက်ဆိုင်သည့် အခွန်နှုန်းထားများ၊ အခွန်သက်သာခွင့်များကို ရှင်းလင်းဆွေးနွေးပေးလျက်ရှိပါသည်။ FDA အနေဖြင့် စားသောက်ကုန်မှတ်ပုံတင် ရရှိစေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပေးလျက်ရှိပါသည်။ **ကုန်သွယ်ရေးဦးစီးဌာန**အနေဖြင့် ပို့ကုန်/သွင်းကုန်များနှင့်ပတ်သက်ပြီး Online စနစ်ဖြစ်သည့် ကုန်သွယ်မှုဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်စနစ် (TradeNet 2.0)မှ လျှောက်ထားရမည့် လုပ်ငန်းစဉ်များကို သိရှိနိုင်စေရန်နှင့် Online Sale များ မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးလျက်ရှိပါသည်။

MSME နှင့် ဒစ်ဂျစ်တယ်နည်းပညာချိတ်ဆက်မှုအနေဖြင့် e-Commerce Platform ထားရှိပြီး လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို Platform တွင် အခမဲ့တင်ပေးပြီး ပြည်ပဈေးကွက်များ ချိတ်ဆက်ရှာဖွေပေးလျက်ရှိပါသည်။ ထို့ပြင် ကိုရီးယားနှင့်ပူးပေါင်း၍ Myanmar Pavilion ဈေးဝယ် Website တွင်လည်း SME ထုတ်ကုန်များကို ကြော်ငြာထားပြီး ကိုရီးယားလုပ်ငန်းရှင်များမှ ဝယ်ယူအားပေးခြင်းဖြင့်လည်း MSME ပြည်ပဈေးကွက်ကို ထိုးဖောက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှတစ်ဆင့် ၁၀-၂-၂၀၂၅ ရက်နေ့မှ ၁၆-၂-၂၀၂၅ ရက်နေ့အထိ ပြည်တွင်းဈေးကွက်ချိတ်ဆက်ပေးနိုင်မှုအနေဖြင့် လုပ်ငန်းရှင် ၂၀၂ ဦး၊ ပြည်ပဈေးကွက် ချိတ်ဆက်ပေးနိုင်မှုအနေဖြင့် လုပ်ငန်းရှင် ၆၄ ဦး၊ ဘဏ်လုပ်ငန်း ချိတ်ဆက်ပေးနိုင်မှုအနေဖြင့် လုပ်ငန်းရှင် ၇၂ ဦး၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပေးနိုင်မှုအနေဖြင့် လုပ်ငန်းရှင် ၃၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall)**

လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်းတွင် MSME လုပ်ငန်းများအတွက် အကျိုးကျေးဇူးရရှိစေမည့် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ဘဏ္ဍာငွေရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာအစိုးရဌာနများမှ သတင်းအချက်အလက်များကို မျှဝေပေးမည့်အစီအစဉ်များ ပါဝင်ပါသည်။ ပြည်တွင်းဈေးကွက် ချိတ်ဆက်မှုအနေဖြင့် MSME လုပ်ငန်းများမှ ထုတ်လုပ်ထားသောထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းရှိ Modern စတိုးဆိုင်များ၊ လက်လီ/လက်ကားဆိုင်များဖြစ်ကြသော City Mart၊ AERON၊ Makro၊ G and G စသည့်ဆိုင်များတွင် ရောင်းချနိုင်ရေးအတွက် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အတွင်း မျက်နှာချင်းဆိုင် တွေ့ဆုံညှိနှိုင်းပေးခဲ့သည်။

*စာမျက်နှာ ၁၅ သို့*





ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall)နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြခန်းတွင် ပြည်ပပို့ကုန် ပဲမျိုးစုံတို့အား ပြသထားရာ လေ့လာကြည့်ရှုသူများကို တွေ့ရစဉ်။



ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြခန်း၌ လုပ်ငန်းရှင်များအား One Stop Service ဖြင့် ဝန်ဆောင်မှုများ ပြုလုပ်ပေးစဉ်။

**❝ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းများအတွက် ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အသုံးပြုနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အဓိကဈေးကွက်ဖြစ်သော တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ဈေးကွက်ဝင်ရောက်ခွင့် GACC လက်မှတ်ရရှိရေး၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအပါအဝင် မူပိုင်ခွင့်ဆိုင်ရာဥပဒေ၊ စားသုံးသူအခွင့်အရေးကာကွယ်ရေးအတွက် သိသင့်သိထိုက်သောအချက်များ၊ ကုန်သွယ်မှုအပိုင်းမှတစ်ဆင့် MSME လုပ်ငန်းများအတွက် ဆောင်ရွက်ပေးနေမှုများကို ဝန်ကြီးဌာနပြခန်း၌ပင် ဆောင်ရွက်ပေးလျက်ရှိ ❞**

## အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပ

ကော့သောင်း ဖေဖော်ဝါရီ ၂၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ကော့သောင်းမြို့ ပြည်တော်အေးသာသနာ့ဗိမာန်တော်၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကြွရောက်လာကြသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ စာအောင်သံဃာတော်၊ ရှင်သာမဏေများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး၊ စစ်ဗျူဟာအဖွဲ့အခြေချ ကော့သောင်းမှ စစ်ဗျူဟာမိုလ်မှူးကြီး အောင်ကိုလတ်၊ ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးစိုးအောင်နှင့် တာဝန်ရှိသူများက စာအောင်သံဃာတော်များနှင့် ရှင်သာမဏေများအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။



အဆိုပါ ၁၃၈၅ ခု၊ (၂၀၂၄)ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲအား ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်မှ ၉ ရက်အထိ ပြည်တော်အေးသာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့ရာ ကော့သောင်းမြို့နယ် စာသင်တိုက်အသီးသီးမှ ပထမကြီးတန်း ရှစ်ပါး၊ ပထမလတ်တန်း ၂၂ ပါး၊ ပထမငယ်တန်း ၂၆ ပါး၊ အခြေပြုမူလတန်း အပါး ၃၀ ဖြင့် စာဖြေသံဃာတော်၊ ရှင်သာမဏေ ၈၆ ပါး ဖြေဆိုပြီး ပထမကြီးတန်း တစ်ပါး၊ ပထမလတ်တန်း တစ်ပါး၊ ပထမငယ်တန်း ငါးပါး၊ အခြေပြုမူလတန်း ၁၆ ပါးဖြင့် စာအောင်သံဃာတော် ရှင်သာမဏေ ၂၃ ပါး ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းနှင့် လက်တွေ့အသုံးပြုနည်း သင်တန်းဖွင့်ပွဲကျင်းပ

လပွတ္တာ ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ယမန်နေ့က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းနှင့် လက်တွေ့အသုံးပြုနည်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရ၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူးတို့က သင်တန်းသားများအား သင်ထောက်ကူ ပစ္စည်းများ ပေးအပ်သည်။ **ဟိန်းထက်လင်း(ပြန်/ဆက်)**



## ဘားအံမြို့၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့်အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်

ဘားအံ ဖေဖော်ဝါရီ ၂၁

ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင် ၂၀ အား ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းကို ယမန်နေ့က ဘားအံမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ခန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက Digital Marketing နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကာ သင်တန်း၌ စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကုန်အညွှန်းအမှတ်တံဆိပ်ဆောင်ရွက်ပုံအဆင့်ဆင့်ကို လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြနှစ်ဦးက အွန်လိုင်းဈေးကွက်သို့ ဝင်ရောက်ရောင်းချနိုင်ရေးအတွက် ဌာနမှရေးဆွဲထားသော e-Commerece Website သို့ ဝင်ရောက်နည်းနှင့် Registration ပြုလုပ်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် စာစစ်ဌာနများဖြစ်သည့် အထက-၁(မြို့သစ်)နှင့် အထက (ဝါးကြီးအိုင့်) စာစစ်ဌာနနှစ်ခုကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများပူးပေါင်း၍ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် ကြိုတင်ကာကွယ်ရေးအတွက် အကြံပေးခြင်းများကို ဖေဖော်ဝါရီ ၁၈ ရက်က ဆောင်ရွက်စဉ်။ ကိုဇော်(ပြန်/ဆက်)**



*စာမျက်နှာ ၁၄ မှ*

ထို့အတူ ပြည်ပဈေးကွက် ချိတ်ဆက်မှုအနေဖြင့် ပြည်ပတင်ပို့နေသော Exporters များ၊ နိုင်ငံ ၁၂ နိုင်ငံမှ စေလွှတ်ထားသော စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်ပေးခဲ့သည်။ ဘဏ္ဍာငွေရရှိရေး ချိတ်ဆက်မှုအနေဖြင့် ပုဂ္ဂလိကဘဏ် ရှစ်ခုမှ ဘဏ်ချေးငွေရရှိရေး၊ ဘဏ်များ၏ ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များက Business Matching Hall တွင် မျက်နှာချင်းဆိုင်တွေ့ဆုံရှင်းလင်း ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။

စီးပွားရေးသံမှူးများနှင့် အဆင်ပြေစွာ တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ MSME လုပ်ငန်းများ၏ ထုတ်ကုန်များ FDA လက်မှတ်ရရှိရေးအတွက် လိုအပ်ချက်များနှင့် FDA လက်မှတ်ရရှိရေးလုပ်ငန်းစဉ်များ၊ ကုမ္ပဏီထူထောင်လိုသည့် MSME လုပ်ငန်းများအတွက် DICA အရာရှိက ကုမ္ပဏီထူထောင်ရေးလုပ်ငန်းစဉ်များ၊ စာရွက်စာတမ်းများ၊ လိုအပ်ချက်များကို ရှင်းလင်းဖြေကြားပေးခဲ့သည်။

### လုပ်ငန်းရှင်များအတွက် အကျိုးကျေးဇူး

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖြစ်သည့်အတွက် တစ်နေရာတည်းမှာပင် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ထုတ်ကုန်များကို တွေ့ရှိနိုင်ပြီး သတင်းအချက်အလက်များ ရရှိနိုင်ပြီဖြစ်သည်။ စီးပွားရေးလုပ်ငန်းအချင်းချင်း တွေ့ဆုံချိတ်ဆက်မှုများကြောင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာနိုင်မည်ဖြစ်သည်။ ယခု ပြပွဲပြိုင်ပွဲကြီးတွင် နိုင်ငံတော်မှ ချီးမြှင့်သည့်ဆုငွေများ ရရှိမည်ဖြစ်ပြီး MSME လုပ်ငန်းရှင်များအတွက် လက်မလွှတ်သင့်သော အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။



ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall) ပြည်တွင်းပြည်ပ ဈေးကွက်ချိတ်ဆက်မှု၊ ဘဏ်လုပ်ငန်းချိတ်ဆက်မှု၊ စီးပွားရေးသံမှူးများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပေးစဉ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းများအတွက် ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အသုံးပြုနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အဓိက ဈေးကွက်ဖြစ်သော တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ဈေးကွက်ဝင်ရောက်ခွင့် GACC လက်မှတ်ရရှိရေး၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအပါအဝင် မူပိုင်ခွင့်ဆိုင်ရာဥပဒေ၊ စားသုံးသူအခွင့်အရေး ကာကွယ်ရေးအတွက် သိသင့်သိထိုက်သောအချက်များ၊ ကုန်သွယ်မှုအပိုင်းမှ တစ်ဆင့် MSME လုပ်ငန်းများအတွက် ဆောင်ရွက်ပေးနေမှုများကို ဝန်ကြီးဌာနပြခန်း၌ပင် ဆောင်ရွက်ပေးလျက်ရှိသည်။

### လုပ်ငန်း/ စီးပွား ချိတ်ဆက်မှုဆပ်ကော်မတီ ဖွဲ့စည်းဆောင်ရွက်

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရာတွင် လုပ်ငန်း/ စီးပွား ချိတ်ဆက်မှုဆပ်ကော်မတီ ဥက္ကဋ္ဌအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက တာဝန်ယူဆောင်ရွက်ပြီး အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ကြပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၀၀ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိသည်။



ဖေဖော်ဝါရီ ၂၁ ရက်တွင် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၃၀၀ ကို ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၀၀ ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် မြန်မာ - ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် တင်ကိုကို၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် အမှတ် (၃) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယဌာနမှူး ရဲမှူးကြီး Ploen Klinpayom နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သည့် တရုတ်နိုင်ငံသားများ၏ ဖွင့်ဟဝန်ခံချက်များအရ အများစုသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်းနှင့် မြဝတီ - KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် စေခိုင်းခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအနက် ၃၀၀ ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

*❋ ကျော့ဖုံးမှ*

ထိုသို့ဆောင်ရွက်ပေးနေမှုကို ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် တင်ကိုကိုက လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပြန်လည်လွှဲပြောင်းရေး လုပ်ငန်းစဉ်များကို ယခုထက်ပိုမိုမြန်ဆန် အဆင်ပြေ ချောမွေ့စေရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးရန် စာရင်းကောက်ယူစိစစ်ပြီး အသင့်ဖြစ်နေသည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၉၈၅ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၆၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၂၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၂၂ ဦးအား ထပ်မံထိန်းသိမ်းထားစဉ်။

*❑ ကျော့ဖုံးမှ*

တင်သွင်းရန်အတွက် **“ပုံမှန်လစာရရှိသူများ (သင်္ဘောသားများအပါအဝင်)နှင့် အခြားဝင်ငွေရရှိသူများသည် တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာငါးသောင်းနှင့်အထက် လွှဲပို့ပါက စုစုပေါင်းလွှဲပို့ငွေ၏ ၅ ရာခိုင်နှုန်း တန်ဖိုးနှင့်ညီမျှသော လျှပ်စစ်သုံးမော်တော်ယာဉ်/လျှပ်စစ်သုံး မော်တော်ဆိုင်ကယ် တစ်နှစ်လျှင် တစ်စီးနှုန်း”** ဖြင့် ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကျုံးဝင်သူများအနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တင်သွင်းခွင့်ပြုရာတွင် တစ်ဦးတစ်ယောက်ချင်း တင်သွင်းမှုနှင့် တစ်ဦးတစ်ယောက်ချင်းတင်သွင်းရန် ယာဉ်တန်ဖိုးမပြည့်မီပါက စုပေါင်း၍ တင်သွင်းမှုတို့ကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်က အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ဝယ်ယူတင်သွင်းခွင့်ပြုသည့် အစီအစဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ စတင်ရေတွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်းသိရပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇-၃၄၀၈၄၃၃ နှင့် Email - dottraining2008@ gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*❖ ကျော့ဖုံးမှ*

တန်းဆင်းသွားရပြီဖြစ်သည့် မြဝတီအသင်း၏ ရှုန်းကန်မှုကြောင့် ဟံသာဝတီယူနိုက်တက်အသင်း မထင်မှတ်ဘဲ ရုန်းကန်ခဲ့ရသော်လည်း နောက်ကျဂိုးများဖြင့် အနိုင်ယူပြီး နောက်ဆုံးပွဲမတိုင်မီ ထိပ်ဆုံးသုံးသင်းအတွင်းဝင်ရန် သေချာသွားခဲ့သည်။

၅၈ မိနစ်တွင် နိုင်ဇင်ထက်က မြဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဟံသာဝတီအသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးကို ၈၇ မိနစ်နှင့် မိနစ် ၉၀ တွင် အောင်မြတ်သူက သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၂၁ ပွဲကစား ၄၄ မှတ်၊ မြဝတီအသင်းက ၂၁ ပွဲ ကစားရှစ်မှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်၊ မင်းလှမြို့နယ်၊ မင်းတုန်းမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၀ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၀၀ တန်၊ အခြားသစ် ၀ ဒသမ ၀၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၅၁၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် လမ်းဆုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) နှင့် လယ်ဝေးမြို့နယ် တောင်စဉ်အေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၁၃၅၁၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း အမျိုး ၂၀၊ လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၃၇၀၁၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Toano Mini Bus နှစ်စီးနှင့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀၀) ကို လည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၀၉၉၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၈၃၆၅၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးခရိုင်အတွင်း၌ တရားမဝင်သစ်မာ ၂ ဒသမ ၀၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၀၀၀) ကို လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၅၅၆ တန်၊ သစ်မာ ၁၆ ဒသမ ၇၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၉၀၈၈) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan UD Truck တစ်စီးနှင့် Toyota Voxy တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၈၂၀၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့အဝင် ခုနစ်မိုင်ရွာအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို လည်းကောင်း၊ ကျိုင်းတုံမြို့ ကုန်တင်/ကုန်ချ ကားဝင်းအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို လည်းကောင်း၊ တာချီလိတ်မြို့နယ် မလိပါကောရှောင်ကွင်းလမ်းအနီး၊ ရော်ဘာခြံဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၆၀၀၀၀) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် ဝေလေလန်ရှောင်ကွင်းလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၆၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၂၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၈၄၄၇၁၃) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL – 3 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၁၈၂၉၈၈) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၄၇၀၄၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၃၃၄၉၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၈၈၃၁၅၉၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၈၃၃၃၆၉၉)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

### နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်လုပ်သားအင်အားတိုးမြှင့်ရေး လာအိုဝန်ကြီးချုပ် တိုက်တွန်း

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၁**

**လာအိုဝန်ကြီးချုပ် ဆွန်နက်ဆေးဆစ်ဖန်ဒန်က နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် ပိုမိုကျွမ်းကျင်သော လုပ်သားအင်အား လိုအပ်နေကြောင်း အလေးပေးတိုက်တွန်းပြောကြားသည်။**

ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပသည့် အလုပ်သမားနှင့် လူမှုဖူလုံရေးကဏ္ဍ နှစ်ပတ်လည် အစည်းအဝေးတွင် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များ၏ ဝယ်လိုအားကို ဖြည့်ဆည်းပေးရန် ကဏ္ဍအားလုံးတွင် ကျွမ်းကျင်လုပ်သားအင်အား မြှင့်တင်ပေးရန် ဝန်ကြီးချုပ်က တိုက်တွန်းခဲ့ကြောင်း လာအိုအလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက ထုတ်ပြန်သည်။

ပိုမို ကောင်းမွန်သော ထောက်ပံ့မှု ကွင်းဆက်နှင့် ဝယ်လိုအားကို ဟန်ချက်ညီစေရန် လုပ်သားဈေးကွက် ဒေတာဘေ့စ်ထူထောင်ခြင်း၏ အရေးပါမှုကိုလည်း အလေးပေး ပြောကြားခဲ့ပြီး အလုပ်အကိုင်အသစ်များဖန်တီးရန်နှင့် လူမှုဖူလုံရေးဆိုင်ရာဝန်ဆောင်မှုများအား မြှင့်တင်ပေးနိုင်ရန်အတွက် ဥပဒေများနှင့် စည်းမျဉ်းများ အားကောင်းလာစေရန်လည်း ဝန်ကြီးချုပ်က တိုက်တွန်းထားသည်။ အထူးသဖြင့် ဝင်ငွေနည်းပါးသော အုပ်စုများနှင့် ပုံမှန်ဝင်ငွေ မရရှိသည့် လုပ်သားများအတွက် ပိုမိုထိရောက်သော လူမှုအာမခံနှင့် လူမှုဖူလုံရေး အစီအစဉ်များအပါအဝင် ပိုမိုခိုင်မာသော လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ကို ထူထောင်နိုင်ရန် တိုက်တွန်းခဲ့သည်။

၂၀၂၄ ခုနှစ်တွင် လာအိုအလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက အမျိုးသမီး ၁၅၀၁၅ ဦး အပါအဝင် လူ ၃၄၃၂၄ ဦးကို သင်တန်းများ ပို့ချပေးခဲ့ပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက် နှစ်ခုစလုံးတွင် လူပေါင်း ၁၂၄၅၃၉ ဦး အလုပ်အကိုင်ရရှိစေရန် ကူညီပေးခဲ့သည်။

**ဆင်ဟွာ**

### ကမ္ဘာမြေပေါ်သို့ ဂြိုဟ်သိမ်ဂြိုဟ်မွှား ကျရောက်နိုင်မှု အလားအလာ လျော့ကျသွား

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၂၁**

အသေးစိတ်တွက်ချက်မှုများအရ ၂၀၃၂ ခုနှစ်တွင် ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခု ကမ္ဘာမြေပေါ်သို့ ကျရောက်နိုင်ခြေရှိသည့်အလားအလာမှာ ၀ ဒသမ ၂၈ ရာခိုင်နှုန်းအထိ လျော့ကျသွားသည်ဟု အမေရိကန် အာကာသအေဂျင်စီ နာဆာက ပြောသည်။

၂၀၂၄ ဝိုင်အာ ၄ ဟု အမည်ပေးထားသည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားကို ဒီဇင်ဘာလအတွင်းက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်း၏ အရွယ်အစားမှာ ၄၀ မီတာမှ ၉၀ မီတာအထိရှိပြီး ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘာနှင့်အနီးဆုံးပတ်လမ်းထဲတွင် ရွေ့လျားမည်ဟု ခန့်မှန်းထားသည်။

အချက်အလက်အသစ်များအပေါ် အခြေခံ၍ အဆိုပါ ဂြိုဟ်သိမ်ဂြိုဟ်မွှား၏ သက်ရောက်မှုအခြေအနေကို ဖေဖော်ဝါရီ ၂၀ ရက်တွင် နာဆာက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါဂြိုဟ်သိမ်ဂြိုဟ်မွှားမှာ ကမ္ဘာပေါ်သို့ကျရောက်နိုင်ခြေ ၃ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ဟု ယခင်က ခန့်မှန်းထားခဲ့သည်။ ကမ္ဘာပေါ်သက်ရောက်မှုရှိသည့် အမျိုးအစားအဆင့် သုညမှ ၁၀ အထိ အဆင့်ခွဲထားရာ ယခုဂြိုဟ်သိမ်ဂြိုဟ်မွှား၏အဆင့်မှာ အဆင့် ၁ ဟု နာဆာက ပြောသည်။

ယခုတွက်ချက်မှုများအရ အဆိုပါအဆင့်သည် ကမ္ဘာပေါ်သို့ သက်ရောက်နိုင်ခြေ အလွန်နည်းပါးသည်ဟု သိရသည်။ နိုင်ငံရပ်ခြားမှ သုတေသနအဖွဲ့များနှင့်ပူးပေါင်းကာ စူးစမ်းလေ့လာမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု နာဆာက ပြောသည်။

**အင်န်အိတ်ချ်ကေ**

### တူရကီယဲနိုင်ငံတစ်ဝန်း အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၁၄၄ ဦးကို ဖမ်းဆီး

**အန်ကာရာ ဖေဖော်ဝါရီ ၂၁**

တူရကီယဲနိုင်ငံ လုံခြုံရေးတပ်ဖွဲ့များက ခရိုင် ၂၇ ခု၌ တစ်ပြိုင်နက်တည်းလုပ်ဆောင်ခဲ့သည့် စစ်ဆင်ရေးများတွင် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၁၄၄ ဦးကို ဖမ်းဆီးခဲ့ကြောင်း တူရကီယဲပြည်ထဲရေးဝန်ကြီး အလီရာလီကာယာက ဖေဖော်ဝါရီ ၂၁ ရက်က ပြောကြားသည်။

အစ္စတန်ဘူလ်အပါအဝင် အဓိကမြို့ပြဒေသများတွင် လူပေါင်း ၈၃၂၂ ဦးအား အထောက်အထားစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၁၄၄ ဦးကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ဖမ်းဆီးခံ ရွှေ့ပြောင်းနေထိုင်သူများအတွက် နေရပ်ပြန်ပို့ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ စတင်နေပြီဟု ၎င်းကဆိုသည်။ တူရကီယဲက ဥရောပနိုင်ငံများသို့ ဝင်ရောက်အခြေချရန် ကြိုးပမ်းနေသော တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ၏ အဓိကလမ်းကြောင်းတစ်ခု သဖွယ်ဖြစ်လာနေမှုကြောင့် တရားမဝင်ဝင်ရောက်မှုနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။

**ဆင်ဟွာ**

# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ သတ္တမနေ့ဆက်လက်ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော်နေ့ (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်း အသင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း တို့ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟုသာ သုံးစွဲရန်မေတ္တာရပ်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)က ကမ္ဘာပေါ်ရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန် ကမ္ဘာ့အမွေအနှစ်စာရင်း( World Heritage List )နှင့် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (The Representative List of Intangible Cultural Heritage of Humanity)ဟူ၍ ယဉ်ကျေးမှုအမွေအနှစ်များကို စာရင်းသွင်းသတ်မှတ်ခြင်းအား နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံက ပျူမြို့ဟောင်း သုံးမြို့သည် ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ပုဂံမြို့ဟောင်းသည် ၂၀၁၉ ခုနှစ်တွင် လည်းကောင်း **ကမ္ဘာ့အမွေအနှစ်စာရင်း**( World Heritage List ) သို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် မြန်မာတိုင်းရင်းသားလူထုတစ်ရပ်လုံး၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော **မြန်မာရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်**သည် ၂၀၂၄ ခုနှစ်တွင် **လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း** (The Representative List of Intangible Cultural Heritage of Humanity)သို့ ဝင်ရောက်ခဲ့သည်။

ယခုအခါ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရန်ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ယခုအခါ အချို့သော မီဒီယာများ၌ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟုလည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဟုလည်းကောင်း မှားယွင်းစွာအသုံးပြုလျက်ရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အများပြည်သူနှင့် မီဒီယာများအနေဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို မည်သည့်လူမှုကွန်ရက်တွင်မဆို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်(သို့မဟုတ်) ကမ္ဘာ့အမွေအနှစ်ဟု မှားယွင်းသုံးစွဲမှုမပြုရန်နှင့် **"လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်"** ဟုသာ သုံးစွဲကြရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူးမြို့နယ်နှင့် ဆောထိမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ်များပျက်စီးကြောင်း သတင်းအမှားများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး မူးမြို့နယ်နှင့် ဆောထိမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ်များ ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်သောလုံခြုံရေး လုပ်ငန်းများကိုသာ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ မြို့ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် နိုင်ငံတော်၏ အုပ်ချုပ်မှု ယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အအုံများကို လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ




လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြောက်ဥက္ကလာပမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**မြောက်ဥက္ကလာပ ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် မြို့နယ်အတွင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လောဟာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ယာယီနေရပ်စွန့်ခွာပြည်သူများ တက်ရောက်ကြပြီး မြောက်ဥက္ကလာပမြို့နယ်အတွင်း ရပ်ကွက် ၁၉ ခုရှိ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၃၇၃ စုရှိ လူဦးရေ ၁၂၉၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၂၅၈၂၀၀၀၀ ကျပ်တိတိ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့သို့ထောက်ပံ့ပေးရာတွင် ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ရပ်ကွက် ရှစ်ခုရှိ အိမ်ထောင်စု ၂၀၁ စု၊ လူဦးရေ ၆၄၆ ဦးအား တစ်ဦးလျှင် ငွေ နှစ်သောင်းကျပ်ဖြင့် ငွေကျပ် ၁၂၉၂၀၀၀၀ ကျပ်တိတိအား လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ကျန်ရှိရပ်ကွက်များကိုလည်း သတ်မှတ်နေ့ရက်များတွင် ထောက်ပံ့ငွေများအား ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



# မင်းလှမြို့၌ ပဲခူးတိုင်းဒေသကြီးပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်နည်းဥပဒေများ ရှင်းလင်းဆွေးနွေး

**မင်းလှ ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှကျင်းပသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေများအား အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့(မြို့ပြ) နှင့်(လှုပ်ရှား) ၁၀၀ တို့အားတွေ့ဆုံ၍ အခက်အခဲများမေးမြန်းကာ အားပေးစကားများ ပြောကြားပြီး ကြက်ဥနှင့် မားမားခေါက်ဆွဲခြောက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးထွန်း ဦးဆောင်၍ မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေးနှင့် ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၉ ရက်က မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

# မော်လိုက် မြို့မဈေးအတွင်း မီးလောင်မှု မဖြစ်ပွားစေရေး သရုပ်ပြလေ့ကျင့်

**မော်လိုက် ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ရဲမင်းဇော်တို့က ကြည့်ရှုအားပေးသည်။

ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်ကိုဌေးက မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် ငြိမ်းသတ်ပုံများကို ရှင်းလင်းပြောကြားပြီး သရုပ်ပြခဲ့ကြောင်း သိရသည်။

**ကိုထက်(ပြန်/ဆက်)**



## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၀၀)ဧကရှိ ဒေါ်ခင်သန်းမြင့် ၁၂/ကတတ(နိုင်)၀၁၈၂၂၃ (ဘ)ဦးပါလေး အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၆၁၉) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၈/၂၀၁၇ (၂၁-၃-၂၀၁၇)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမိုးကြည်သောင်း ၁၂/ရကန(နိုင်)၀၂၂၅၂၈ (ဘ)ဦးသူရသောင်းရင်မှ ဒေါ်အေးသန္တာမိုး ၈/တတက(နိုင်)၀၈၈၉၁၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅) ဧကရှိ ဦးကျော်စိုးဝင်း ၅/ရဥန(နိုင်)၀၅၉၁၂၉ (ဘ)ဦးသန်းအောင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၅၆၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၃၉/၂၀၂၃ (၂၈-၁၁-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသိန်းသန်းထိုက် ၉/ပဗသ(နိုင်)၀၂၅၃၉၃ (ဘ)ဦးတင်ထွေးမှ ဦးကျော်ဆွေ၊ ဒေါ်စန်းစန်းမြ ၉/မနမ(နိုင်)၀၃၉၄၇၆၊ ၉/မနမ(နိုင်)၀၄၁၀၈၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၈၁၈)၊ မြေကွက်တည်နေရာ အမှတ်-၈၁၈၊ မြမဥ္ဇူလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးလှသန်း)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား AB-072140မြေအမည်ပေါက် ဦးလှသန်း(ဖခင်)နှင့် ဒေါ်ဘေဘီမြင့် (မိခင်)တို့အသီးသီး ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်သူဇာထွန်း ၁၂/တမန(နိုင်)၁၀၀၃၃၅၊ ဒေါ်ဥမ္မာခင် ၁၂/တမန(နိုင်)၀၂၀၂၀၅၊ ဒေါ်သီတာအောင် ၁၂/တမန(နိုင်) ၁၀၀၈၈၀တို့မှ ၎င်းတို့သမီး(၃)ဦးသာ မွေးဖွားခဲ့ကြောင်း၊ အခြားသောမွေးချင်းများ မရှိပါကြောင်း၊ ကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ ၎င်းတို့သမီး(၃)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှု လက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင် လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် EE/1715, Toyota Corolla Fielder ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ရွှင် ၅/တဆန(နိုင်)၀၈၀၈၈၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ကွင်း/အကွက်အမှတ်(RA-I/ကွက်ပြင်-၁)၊ ဦးပိုင်အမှတ် (၉/ဈ) မြေယာအမှတ်(၁၆/၃၅၆)၊ မြေဧရိယာ(၀.၂၈)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ပြင်ဦးလွင်မြို့ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်စာချုပ်နံပါတ် (၀၄၅/၁၉၉၉-၂၀၀၀)၊ ဂရန်အမှုတွဲအမှတ်(၀၃၉/ ၁၉၉၉-၂၀၀၀)အရ ဦးလှရွှေနှင့် ဒေါ်လုံးမိတို့အမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန် အမည်ပေါက်သူများကွယ်လွန်ပြီးနောက် သားသမီးများဖြစ်ကြသော (၁) ဦးနိုဘယ်၊ (၂)ဒေါ်သီတာခိုင်၊ (၃)ဒေါ်သင်းသင်းခိုင်တို့မှ ပြင်ဦးလွင်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ (၃-၁-၂၀၂၃)ရက်နေ့စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာစာချုပ်အမှတ် (၂/၂၀၂၃)အရ အမွေ ဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။

အထက်အဆိုပါမြေဧရိယာ(၀.၂၈)အကျယ်အဝန်းအနက်မှ မြေဧရိယာ (၀.၁၂၃)ဧကခန့် အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသည်။ အထက် အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသော သက်သေခံ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင်ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံတွင်ဖြစ်စေလာရောက်ကန့်ကွက်နိုင်ပါကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စမ်းစိမ့်စိမ့်မြင့် (ဘ) ဦးစိန်မြင့်** | **ဒေါ်ခင်ခင်နိုင် (LL.B)၊ စဉ် - ၁၂၉၈၇** |
| **၁၃/ဖခန(နိုင်)၀၁၈၇၃၀** | **တရားလွှတ်တော်ရှေ့နေ** |
| **(၅၄x၅၅)လမ်းကြား၊ (၁၁၁)လမ်း၊** | **(RIGHT ဥပဒေအကျိုးဆောင်ရုံးခန်း)** |
| **မန္တလေးမြို့၊** | **ကားကြီးကွင်းတိုက်တန်း၊** |
| | **အမှတ်(A10-ခ၊ ဂ)၊ ရပ်ကွက်ကြီး(၁၀)** |
| | **ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၇၉၉၁၀၁၃၁၆၊** |
| | **၀၉-၆၈၄၀၀၆၁၆၁** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/12705, Zong Shen-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထက်အောင် ၅/စကန(နိုင်) ၈၇၉၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/94516, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူနိုင် ၅/ဝလန(နိုင်)၁၈၄၉၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၅၄၊ မြေကွက်အမှတ်-၁၂၇၊ အလျား ၆၀ပေx အနံ ၄၀ပေ၊ ဒေါ်ယဉ်ယဉ်မြ (၁၂/လမန(နိုင်)၁၀၅၁၃၂) အမည်ပေါက်၊ ပါမစ်မြေကွက်အား စာချုပ်အဆက်စပ်များဖြင့် လက်ဝယ်ထားရှိသူ ဦးခင်ဇော်ဝင်း (၁၀/မလမ(နိုင်)၁၃၉၅၁၄)မှ ယင်းမြေကွက်နှင့် မြေကွက်၏ မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်သက်ရွှေစင်လှိုင် (၅/ဟမလ(နိုင်) ၀၆၂၄၃၇)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ပြုသော မြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်း၊ အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးတိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်ရွှေစင်လှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးခိုင်ဇင်ထူး (LL.B)** | **ဒေါ်ဝင့်ဒါလီထွန်း (LL.B)** | **ဦးဇင်ကိုကိုနိုင် (LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၃၂၆၉)** | **(စဉ်-၄၉၃၃၉)** | **(စဉ်-၅၄၈၄၁)** |

**အမှတ်-၁၇၊ ပထမထပ်၊ ပုညဝဏ္ဏလမ်း၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၉၇၂၉၇၄၂၃၄၊ ၀၉-၄၂၀၅၆၇၄၉၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅နည်းဥပဒေ ၂၀)
## အမရပူရမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃

| | | |
|---|---|---|
| ဒေါ်မာမာသန်း | **နှင့်** | ၁။ ဦးညိုဆင့် |
| | | ၂။ ဒေါ်ဟန်သီထွန်း |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဇွန်စုရပ်၊ အကွက်အမှတ် (၄၄၉) နေ ဦးညိုဆင့်(ဘ)ဦးသန်းရွှေ၊ ဒေါ်ဟန်သီထွန်း(ဘ)ဦးလှထွန်း(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်မာမာသန်းက ချေးငွေကျပ်သိန်း(၁၃၀)နှင့် နစ်နာကြေးငွေကျပ်သိန်း(၇၀)စုစုပေါင်း၊ ကျပ်သိန်း(၂၀၀)တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၅ခုနှစ်၊ မတ်လ ၁၈ရက် (၁၃၈၆ခုနှစ်၊ တပေါင်းလဆုတ် ၅ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည် ။

**(ဝေမွန်သက်နွယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**အမရပူရမြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကလောမြို့၊ အမှတ်(၂) ရပ်ကွက်နေ ဦးအောင်ရန်၏သမီး မအေးအေးမာ ၁၃/ကလန(နိုင်) ၁၁၈၁၃၇၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-829520) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၄၅၆၄၅၄

## ပတ်စ်ပို့ပျောက်

လားရှိုးမြို့၊ ရပ်ကွက် (၅)နေ ဦးတွမ်မင်ဆည်၏သမီး မဂျောင်ဖျင့်စောက် ၁၃/လရန(နိုင်) ၁၈၈၅၅၈၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-520641) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၃၂၉၅၂၆

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ တန့်ယန်းမြို့နယ်၊ ရပ်ကွက်(၁၀)နေ နန်းစိန်ထွန်း ၁၄/ပသန(နိုင်) ၁၂၇၇၉၃၏ မွေးသက္ကရာဇ်အမှန်မှာ(၉-၉- ၁၉၆၇) ဖြစ်ပါကြောင်း။

**နန်းစိန်ထွန်း**

## အမည်မှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းမြို့၊ နမ့်ဟူးကျေးရွာနေ ဦးဆန်ကျန် ၁၃/တယန(နိုင်) ၀၃၃၉၂၀၏ သား အမည်မှန်မှာ စိုင်းဆိုင်ဟန် နှင့် စိုင်းပထွန်း ဖြစ်ပါကြောင်း။

**ဦးဆန်ကျန်-တန့်ယန်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ City Loft ကွန်ဒို CL(7)၊ ၆လွှာ၊ အခန်းအမှတ်(605)၊ အကျယ်အဝန်းဧရိယာ(312)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဦးအောင်မင်းဟိန်း ၁/ကမန(နိုင်)၀၂၇၂၇၆ထံမှ ဝယ်ယူရန်အတွက် ကျွန်တော် ဦးဝေယံဘုန်းမြင့် ၁၂/ဥကတ(နိုင်)၁၇၆၂၉၃မှ စရန်ပေးချေ ခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဦးဝေယံဘုန်းမြင့်**
**(ဖုန်း-၀၉-၇၈၉၄၆၃၉၉၃)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၅၃)၊ ၆လွှာ(B)၊ တိုက်ခန်းအကျယ်အဝန်း ဧရိယာ (၁၂ ½ x ၅၀)ပေ၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားနေထိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်အုန်း ၉/ကဆန(နိုင်)၀၇၇၃၇၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်လင်း ၁၂/ဒဂန(နိုင်) ၀၂၈၁၃၄က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာမှတ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်ရန်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ဝင်းနိုင်(စဉ်-၁၇၇၆၄)** | **ဒေါ်မိမိထိုက်(စဉ်-၁၇၈၅၆)** |
| **(LL.B,D.B.L,D.I.T)** | **(LL.B)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၁၅)၊ ဗိုလ်တာရာလမ်း၊ (၁/၁၁)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၃၀၇၄၉**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃
## ကမာရွတ်ခရိုင်တရားရုံး
## ၂၀ ၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၅

**ကွယ်လွန်သူ ဒေါ်တင်နွယ်အေး၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်ဝေဝေမာ **လျှောက်ထားသူ**
အမှတ်-၃၂၇၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
(၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇၉)၊ လူနေရပ်ကွက်အမှတ်-(-)၊ မြေကွက်အမှတ်-(၇အီး/၃-က)၊ မြေအမျိုးအစား- မြေပိုင်မြေဖြစ်သည့် မြေအကျယ်-၀.၀၇၁ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ဆဲဖြစ်သည့် အမှတ်-(၁၁)၊ ဇေယျာသီရိလမ်း၊ အမှတ် (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အနက်မှ ကွယ်လွန်သူ ရရန်ရှိသော တိုက်ခန်း (၅)ခန်းနှင့်တကွ ယင်းတိုက်ဆောက်လုပ်ထားသော မြေအပါအဝင်မြေပေါ်ရှိ တိုက်ခန်းအားလုံးတို့နှင့်ပတ်သက်၍ ကွယ်လွန်သူ ဒေါ်တင်နွယ်အေး၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့် အကြောင်း လျှောက်ထားသူ ဒေါ်ဝေဝေမာက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ မတ်လ (၆) ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်နွယ်အေး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ မတ်လ (၆)ရက်၊ (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်) နံနက်(၁၀)နာရီအချိန်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းစာလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ဝေဝေမာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ လ (၁၃) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ကမာရွတ်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/13642, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝေဖြိုး ၁၄/ပသန(နိုင်)၃၀၃၉၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/59374, Turbo Star 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၁၄/ဝခမ(နိုင်)၂၉၄၈၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9V/71071, HSW TIENLI ယာဉ်လက်ဝယ်ရှိသူ ဦးစောမြဦး ၁၄/အဂပ(နိုင်) ၀၅၅၅၂၇ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/98705, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၁၄/ဟသတ(နိုင်)၃၉၆၂၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ် (၁၂၀)၊ ဒေါ်သီတာ (ဘ)ဦးသန်းတင့် ၉/တကန(နိုင်) ၀၁၆၉၈၀ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်၊ ဧရိယာ (၀.၀၉၄) ဧကအနက်မှ ဧရိယာ (၀.၀၂၈)ဧကအား ဒေါ်စုရတနာလင်း (ဘ)ဦးအောင်ခန့် ၉/တကန(နိုင်)၁၄၉၆၅၇နှင့် ဦးပိုင်ခွဲမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း နောက်ဆုံးထားပြီးလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**





## ပျောက်ဆုံးကြောင်း

ရွှေဘိုမြို့၊ အမှတ် (၁)ရပ်နေ ဦးအောင်ကျော်မြင့်၏သား မောင်ဆန်းလင်း ၅/ရဘန(နိုင်)၂၀၁၂၂၃ ၏ နိုင်ငံကူး လက်မှတ်နံပါတ် ME-421072 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၁၂၃၆၈၉

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်နေ(ဘ)ဦးလှရွှေ၏ သမီး ဒေါ်တင်နွဲ့ ၁၄/ရကန(နိုင်)၀၀၃၂၈၉ ၏ အမည်မှန်မှာ ဒေါ်တင်နွဲ့ (ခ) ဒေါ်တင်တင်နွဲ့ ဖြစ်ပါကြောင်း။

ဒေါ်တင်နွဲ့(ခ)ဒေါ်တင်တင်နွဲ့

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ နတ္တောင့်ရွာနေ ဦးကျော်သန်း၏သမီး မသင်းသင်းမိုး ၅/ယမပ(နိုင်)၁၄၈၃၄၃၏ နိုင်ငံကူး လက်မှတ်နံပါတ် MI-911957 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၄၉၅၁၄၃၉

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အလက (၃)၊ ကလေး Grade-2 တွင် ပညာသင်ကြားနေသော မောင်ဘုန်းစစ်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၁၀/သထန(နိုင်)၀၁၅၂၆၇ ဖြစ်ပါကြောင်း။

ဦးသိန်းထွန်း

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ နောင်ကွဲကျေးရွာအုပ်စု၊ ပန်းတောင်း (၉) မိုင်တွင် ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးရမိ၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူထားသည့် Sb ပျမ်းမျှ (၃.၇၇%) ပါဝင်သော ခနောက်စိမ်းသတ္တုရိုင်း (၁၀၄) မက်ထရစ်တန်ခန့်အား တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၄-၂-၂၀၂၅ရက် (တနင်္လာနေ့)

(ခ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - သတ္တုတွင်းဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး သစ်တောရပ်ကွက်၊ တောင်ကြီးမြို့

(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၀-၃-၂၀၂၅ရက် (ကြာသပတေးနေ့) (၁၆:၀၀) နာရီ

(ဃ) **တင်ဒါလက်ခံ/ဖွင့်ဖောက်မည့်နေရာ** - သတ္တုတွင်းဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး သစ်တောရပ်ကွက်၊ တောင်ကြီးမြို့

(င) **တင်ဒါဖွင့်ဖောက်မည့်အချိန်** - ၂၁-၃-၂၀၂၅ရက် (သောကြာနေ့) (၁၃:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း သတ္တုတွင်းဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့၊ ဖုန်းနံပါတ်၊ (၀၈၁-၂၁၃၂၂၅၆) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက်(၆)အတွင်းရှိ အောက်ဖော်ပြပါမြေကွက်များအား ဦးမျိုးမြင့် (၁၃/လသန(နိုင်)၀၁၀၆၄၆)အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | ကွင်း/အကွက် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | တည်နေရာ | ဂရန်အမျိုးအစား |
|---|---|---|---|---|---|---|
| ၁ | ဦးမျိုးမြင့် | ၆ | ၅/ဃ | ၀.၇၇၃ | ရပ်ကွက်(၆)၊ ကလောမြို့ | ဂရန်သစ် |
| ၂ | ဦးမျိုးမြင့် | ၆ | ၆/က | ၀.၉၈၁ | ရပ်ကွက်(၆)၊ ကလောမြို့ | ဂရန်သစ် |
| ၃ | ဦးမျိုးမြင့် | ၆ | ၅/စ | ၀.၉၆၂ | ရပ်ကွက်(၆)၊ ကလောမြို့ | ဂရန်သစ် |
| ၄ | ဦးမျိုးမြင့် | ၆ | ၆/၁ | ၀.၉၈၁ | ရပ်ကွက်(၆)၊ ကလောမြို့ | ဂရန်သစ် |
| ၅ | ဦးမျိုးမြင့် | ၆ | ၅/က | ၀.၉၈၀ | ရပ်ကွက်(၆)၊ ကလောမြို့ | ဂရန်သစ် |
| ၆ | ဦးမျိုးမြင့် | ၆ | ၅/ခ | ၀.၇၇၃ | ရပ်ကွက်(၆)၊ ကလောမြို့ | ဂရန်သစ် |
| ၇ | ဦးမျိုးမြင့် | ၆ | ၅/င | ၀.၈၂၉ | ရပ်ကွက်(၆)၊ ကလောမြို့ | ဂရန်သစ် |
| ၈ | ဦးမျိုးမြင့် | ၆ | ၆/ဃ | ၀.၉၈၁ | ရပ်ကွက်(၆)၊ ကလောမြို့ | ဂရန်သစ် |

**ကော်လိတ္တော်အရာရှိ**
**ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၁-ခ)၊ အကွက်အမည်-ဘူတာရပ်၊ ဦးပိုင်အမှတ်(၁၃င) ဧရိယာ(၀.၁၀၄)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ် (၁၃ဃ)၊ (ခ) အနောက်လားသော်-လမ်း၊ (ဂ) တောင်လားသော်-လမ်း၊ (ဃ)မြောက်လားသော်- ဦးပိုင်အမှတ်(၁၃ဃ)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်မြင့်မြင့်ရီမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ မတ်လ (၁၂)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ် ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ အုတ်တွင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ အုတ်တွင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ အကွက်အမှတ်(၇)၊ ခဲလယ်တောင်ရပ်၊ ဦးပိုင်အမှတ်(၅၇)၊ မြေဧရိယာ(၀.၀၇၁) ဧကရှိမြေယာအနက်မှ ဦးပိုင်အမှတ်(၅၇-ခ)၊ မြေဧရိယာ (၀.၀၃၇)ဧကရှိ မြေနေရာအား မြေငှားဂရန် ဦးပိုင်ခွဲ/အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားနိုင်ရေး ၁။ဦးတင်မောင်လတ် ၉/မမန(နိုင်)၀၈၇၆၀၆၊ ၂။ ဒေါ်ချောစုခိုင် ၉/ပဥလ(နိုင်) ၀၄၂၅၇၈တို့မှ မြေငှားဂရန် ဦးပိုင်ခွဲ/အမည်ပြောင်း/သက်တမ်းတိုး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်L-17(60)ပေါင်းလောင်းလမ်း၊ မြေကွက်အမှတ် ၁၅၇၁၊ အကျယ် (၄၀ပေX၆၀ပေ)ရှိသည့် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်အေးအေးသင်း(ခ)မေဦးခင် ၁၂/မဂတ(နိုင်)၀၁၉၆၉၃၏ အမည်ဖြင့် မြေချပါမစ်အမည်ပေါက်လျက်ရှိပြီး အဆိုပါ ခြံမြေ၏အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မြင့်မြင့်နိုင် ၁၃/တယန(နိုင်) ၀၂၄၄၂၇၊ အမှတ် ၅၂၂၊ ရတနာလမ်းသွယ်(၂)လမ်း၊ (၆၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေချပါမစ်မူရင်းနှင့်တကွ လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

(၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင်(တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L., DL-101 (WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း(LLB, D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)**
**အမှတ်၅၈၁၊ ရွှေပြည်သာ (၂)လမ်း၊ (၃၂)ရပ်ကွက်၊**
**အဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်။ ဖုန်း-၀၉-၅၁၉၇၉၃၂**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -(သကမ-၁၇)၊ မြေကွက်အမှတ်- (၁၂၂၃-/ခ)၊ အကျယ်အဝန်း-(၂၀x၆၀)ပေရှိ [အရပ်အခေါ်အမှတ် (၁၂၂၃/ခ)၊ ရွှေမင်းဝံလမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်] ဟုခေါ်တွင်သော ဦးတိုးလွင် အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မူလဂရန်အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်နိုင် (၁၁/မပန(နိုင်) ၁၀၇၉၇၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇင်ဝင်းသန်း (၁၃/တခလ(နိုင်) ၁၁၉၉၅၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါအိမ်ခြံမြေကွက်နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်း၊ စာချုပ်/စာရွက်စာတမ်းမူရင်းများ၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L, D.I.L တရားလွှတ်တော်ရှေ့ (စဉ်-၁၈၇၉၂/၂၀၂၃**
**တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၂၀၀၉၇၀၇၃**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၂-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) ဒေါ်တင်တင်ဖြူ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၄၆)၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် အလျား (၆)ပေX အနံ(၂၀)ပေ အစား အလျား (၆၀)ပေ X အနံ (၂၀)ပေ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၂-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၀) ဦးသန့်ဇော်ကို ၁၁/ကဖန(နိုင်) ၀၄၂၃၅၂ ၏ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာတွင် ဒေါ်ဇင်မာဦး ၁၂/ဥကမ(နိုင်)၀၄၂၃၅၂ အစား ဒေါ်ဇင်မာဦး ၁၂/ဥကမ(နိုင်)၁၈၂၈၂၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၂၈-သုမင်္ဂလာ)၊ ဦးပိုင်အမှတ်(၁၉)၊ မြေယာအမှတ် (9)၊ မြေဧရိယာ(၀.၁၃၄)ဧကရှိ မြေနေရာအား မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားနိုင်ရေး ၁။ဦးထွန်းထွန်းဦး ၉/ပဥလ(နိုင်) ၀၁၉၄၉၇၊ ၂။ဒေါ်စန်းစန်းမြင့် ၉/မရတ (နိုင်) ၁၀၆၄၁၈တို့မှ မြေငှား ဂရန် အမည်ပြောင်း/ သက်တမ်းတိုး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/71998 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဒေါ်ဖာတမာနှင့်သက်ဆိုင်သူများသိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မြေကွက်အမှတ် (၄၂၅)၊ အကျယ်အဝန်း (၄၀x၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် အမည်ပေါက်ထွက်ရှိထားသူ ဒေါ်ဖာတမာ (၁၂/လမတ(နိုင်)၀၁၄၈၄၁) ထံမှ ဦးလှရွှေ (၁၂/ကတတ(နိုင်)၀၀၂၂၅၁)က တရားဝင်ဝယ်ယူထားပြီး လက်ရောက်ရရှိပိုင်ဆိုင်ထားသည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။

အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ဝယ်ယူသူ ဦးလှရွှေ၏အမည်ပေါက်ပိုင်ဆိုင်မှုရရှိအောင် ဒေါ်ဖာတမာမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုနိုင်ရန်အတွက် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ပေးပါရန်နှင့် (၇)ရက်ပြည့်မြောက်သည့်ရက်အထိတိုင် ဆက်သွယ်ဆောင်ရွက်ပေးခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးဇာခြည် (LL.B),(D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)**
**အမှတ် (၂၆၅/ခ)၊ အင်ကြင်း(၃)လမ်း၊ (၅/၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၃၀၉၅၃၆၇**

## သားအဖြစ်မှအမွေဖြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် (၁/၂၈၃)နေ ဦးတင်ဝေ ၃/ဘအန(နိုင်)၀၁၁၀၉၇နှင့် ဒေါ်နန်းလွန်းမြမယ်(ခ)ဒေါ်ပေါင်းနှောင်း ၃/ဘအန(နိုင်)၀၁၁၀၉၆တို့၏သားဖြစ်သူ စောသန်းလင်းထိုက်ဝေ(ခ)ဖိုးဆိတ် ၃/ဘအန(နိုင်)၁၆၃၇၅၄သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်ကိုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ လုံးဝအမွေဖြတ်စွန့်လွှတ်လိုက်သည်။ ၎င်း၏ကိစ္စအဝဝကိုလည်းတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်နန်းလွန်းမြမယ်(ခ)ဒေါ်ပေါင်းနှောင်း**
**၃/ဘအန(နိုင်)၀၁၁၀၉၆**
**ဘားအံမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/4039,Toyota DYNA LY-220, Light Truck (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောခေးနေ ၃/ဘအန(နိုင်)၀၁၄၀၅၈ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅စယ/၂၉၉၁, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင်ဌေး ၆/လလန (နိုင်)၀၇၉၉၈၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ ဝဒသမ၁၁၀ ရှိ မြေကွက်အမှတ် (ပ-၂၃၉၅၅)ကို အမည်ပေါက် ဦးစိုးမိုးအောင် (ဘ)ဦးကြိုင် ၉/မကန(နိုင်)၀၉၇၉၀၁မှ ဒေါ်စန္ဒာလင်း(ဘ)ဦးထွန်းကျော် ၉/သစန(နိုင်)၁၀၀၅၇၅ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/77657,Honda C-90, Custom CMP ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၉/ခမစ (နိုင်)၁၀၃၇၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/16834,TVS DAZZ-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နူးပန် ၁/ဗမန(နိုင်)၁၁၉၂၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 43W/ 22820 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## အလိမ္မာ စာမှာရှိ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/22820 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇင်မိုး ၇/ရတရ(နိုင်)၁၆၆၄၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးဝါးတက္ကသိုလ်၊ မန္တလေး
# မန္တလေးမြို့

**(၁၉)ကြိမ်မြောက်၊ (၂၀)ကြိမ်မြောက်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း**

၁။ ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ (၁၉)ကြိမ်မြောက်၊ (၂၀)ကြိမ်မြောက်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်–

(က) **အစမ်းလေ့ကျင့်မည့်ရက်** – (၂၁.၃.၂၀၂၅)ရက် သောကြာနေ့

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** – (၂၂.၃.၂၀၂၅)ရက် စနေနေ့

၂။ (၁၉)ကြိမ်မြောက်၊ (၂၀)ကြိမ်မြောက်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးဝါးတက္ကသိုလ်၊ မန္တလေးမှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန်လျှောက်ထားနိုင်ပါသည်–

(က) စတုတ္ထနှစ်ဆေးဝါးသိပ္ပံပညာ(၁/၂၀၂၀)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ခ) စတုတ္ထနှစ်ဆေးဝါးသိပ္ပံပညာ(၁/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) စတုတ္ထနှစ်ဆေးဝါးသိပ္ပံပညာ(၁/၂၀၂၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) ဆေးဝါးမဟာသိပ္ပံသင်တန်း (၂၀၂၀–ခုနှစ်၊ ၂၀၂၁–ခုနှစ်၊ ၂၀၂၂–ခုနှစ်၊ ၂၀၂၃–ခုနှစ်၊ ၂၀၂၄–ခုနှစ်) စာမေးပွဲအောင်မြင်ပြီးသူများ

(င) ဆေးဝါးသိပ္ပံပါရဂူသင်တန်း(၂၀၂၃–ခုနှစ်) စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာအောက်ပါအတိုင်း ဖြစ်ပါသည်–

တက်ရောက်ဘွဲ့ – ၁၅၀၀၀/–(ကျပ်တစ်သောင့်ငါးရာတိတိ)၊

အဝေးရောက်ဘွဲ့ – ၁၀၀၀၀/–(ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဝါးတက္ကသိုလ်၊ မန္တလေးကျောင်းသားရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက်(အမျိုးသား– မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ)၊ အမျိုးသမီး– မြန်မာဝတ်စုံဖြင့် လတ်တလောရိုက်ကူးထားသော (1 ½" x 2") အရွယ် ရောင်စုံဓါတ်ပုံ(၃) ပုံ ပူးတွဲလျက် (၂၄–၂–၂၀၂၅)မှ (၇–၃–၂၀၂၅)ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ/လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အပြည့်အစုံ) တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြ ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဆေးဝါးတက္ကသိုလ်၊ မန္တလေး၊ ကျောင်းသားရေးရာဌာနစိတ်၊ ဖုန်းနံပါတ်(၀၉–၇၉၇၈၂၅၃၃၂၊ ၀၉–၄၃၁၀၆၀၈၆၊ ၀၉–၄၄၀၀၄၇၀၅၁၊ ၀၈၅–၄၇၄၀၁၃၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**

**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ်(၁၁၅၇/က)ဟုခေါ်တွင်သော(၁) ခန်းတွဲ၊ (၆)ထပ်တိုက်၏ တတိယထပ်(၄)လွှာ(၁၈x၅၄)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ထက်ဦးဝေ ၁၂/သဃက(နိုင်)၂၀၄၅၅၇မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးအောင်အောင် ၁၂/မဂတ(နိုင်)၀၇၀၅၇၆ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်သက်မွန်** — **ဦးသုထက်ကျော်လွင်**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၅/၂၀၁၅)** — **အထက်တန်းရှေ့နေ (စဉ်–၄၉၅၀၂/၂၀၁၈)**

**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၉၅၅၃၄၇၅၃၊ ၀၉–၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၁၁၀၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးလှဝင်းထွန်း (၁၂/ဥကတ (နိုင်) ၀၀၂၁၆၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးလှဝင်းထွန်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးခင်မောင်ဦး** — **ဒေါ်လင်းလင်းထက်**

**LL.B, D.B.L, D.I.L.,** — **LL.B,**

တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) — အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ဆေးတက္ကသိုလ်–တောင်ကြီး
## ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားတွင်
## ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်–တောင်ကြီး၏ ပထမအကြိမ်ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ခြင်းကို (၂၁–၃–၂၀၂၅)ရက် (သောကြာနေ့)တွင်လည်းကောင်း၊ ဘွဲ့နှင်းသဘင်အခမ်းအနားကို (၂၂–၃–၂၀၂၅)ရက် (စနေနေ့)တွင် လည်းကောင်း ကွန်ပျူတာတက္ကသိုလ်၊ တောင်ကြီး၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူး ရေးလုပ်ငန်းလုပ်ဆောင်လိုသော လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်–

(က) **အိတ်ဖွင့်တင်ဒါစတင်လက်ခံမည့်နေ့ရက်** – (၆–၃–၂၀၂၅)ရက်(ကြာသပတေးနေ့)

(ခ) **အိတ်ဖွင့်တင်ဒါနောက်ဆုံးလက်ခံမည့်နေ့ရက်နှင့်အချိန်** – (၁၀–၃–၂၀၂၅)ရက် (တနင်္လာနေ့) – မွန်းတည့် (၁၂:၀၀)နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** – (၁၁–၃–၂၀၂၅)ရက် (အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါကိစ္စနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို ဆေးတက္ကသိုလ်–တောင်ကြီးဘွဲ့နှင်း သဘင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးတင်ဒါရွေးချယ်ရေးကော်မတီအတွင်းရေးမှူး ဖုန်း ၀၈၁–၂၁၂၄၈၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ**

**ဆေးတက္ကသိုလ်–တောင်ကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဋ–၂၊ ဦးပိုင်အမှတ်၇၃၊ ၇၂ x ၇၁ ကြား၊ ၁၁၇ x ၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်မျိုးအောင် ၉/မရမ(နိုင်)၀၈၂၆၁၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၇၅/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးခိုင် ၁၃/လရန(နိုင်)၀၉၉၀၂၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဋ–၂၊ ဦးပိုင်အမှတ် ၇၄၊ ၇၂ x ၇၁ ကြား၊ ၁၁၇ x ၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်နိုင်ဦး ၉/ဝတန(နိုင်)၁၀၀၃၆၈ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၇၈/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးခိုင် ၁၃/လရန(နိုင်)၀၉၉၀၂၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့(အထက)ကျောင်းမှ ဆရာမ ဒေါ်ပြုံးရည်၏အမည်မှန်မှာ ဒေါ်ပြုံးရီ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၉–၇–၆၃)ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကိုးရွာသပြေကုန်းကျေးရွာနေ (ဘ)ဦးတင်အောင်၏သမီး ဒေါ်တင်တင်ဝင်း ၉/ပဗသ(နိုင်)၀၀၂၁၇ နှင့် ဒေါ်တင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်တင်တင်ဝင်း(ခ)**

**ဒေါ်တင်ဝင်း**

## အမည်မှန်နှင့် ဖခင်အမည်မှန် ပြောင်းလဲပြင်ဆင်ခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ အထက(ခွဲ)–၃၊ ဇေယျာဝတီ Grade–9 မှ မဂျေဝန်သီးအား (မဒေဝန်သီး) ဟု လည်းကောင်း၊ Grade–10မှ မဂျူးလာအား(မမာန်ဂျူးလာ)ဟုလည်းကောင်း ပြောင်းလဲပြင်ဆင်ပါရန်နှင့် ၎င်းတို့၏ ဖခင်အမည်မှန်မှာ ဦးရာချ်ကူမာရ် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ်(ပ–၂၃)ဟုခေါ်တွင်သောရေိယာအကျယ်အဝန်း(၆၀ပေx၆၀ပေ)၊ (၀.၀၈၂)ဧကရှိ မြေကွက်နှင့် အဆိုပါမြေပေါ်ရှိ နေအိမ်နှင့်ဆက်စပ်ပစ္စည်းအားလုံး၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးကျော်ဆန်းဦး ၉/တကန(နိုင်)၂၀၀၈၂၈ က ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက်ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့အေး ၉/အမရ(နိုင်)၀၀၅၂၇၃မှ အပြီးအပိုင်ဝယ်ယူရန်အတွက်(၂၁–၂–၂၀၂၅)ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်လဲ့လဲ့အေး၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသဲမောင်မောင် တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၅၉၆၂/၃–၉–၂၀၁၉)**

**အမှတ်(ပ–၂၃၈၉၅)၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊**

**နေပြည်တော်၊ Ph: 09–779 114 691**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ဘွဲ့နှင်းသဘင်အခမ်းအနားဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ကူးရန်
## အိတ်ဖွင့်တင်ဒါကြော်ငြာစာ

၁။ ဆေးတက္ကသိုလ်(၁) ရန်ကုန်၏(၅၈)ကြိမ်မြောက်၊ (၅၉)ကြိမ်မြောက်နှင့် အကြိမ်(၆၀)မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို(၂၂–၃–၂၀၂၅)ရက် (စနေနေ့)နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို (၂၁–၃–၂၀၂၅) ရက်(သောကြာနေ့) နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးရေးအတွက် ဓာတ်ပုံရိုက်ကူးလိုသူများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပိတ်ရက်နှင့်ဖွင့်ရက်**

တင်ဒါပိတ်ရက် (၆–၂–၂၀၂၅)ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီ

တင်ဒါဖွင့်ရက် (၆–၂–၂၀၂၅) ရက်(ကြာသပတေးနေ့) မွန်းလွဲ(၁:၀၀) နာရီ

၃။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်–၀၁၈–၂၅၁၁၃၃၁၊ ၀၁၈–၃၇၀၉၃၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့**

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ မြေကွက်ကြီးအမှတ်–၇/၁၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၃၉၄)ရှိ အလျား(၄၀)x အနံ(၆၀)ပေ မြေကွက်ကို ဦးမောင်မြင့်၊(ဘ)ဦးခွေး၊ PGU– ၂၀၇၇၆၅ အား ပဲခူးမြို့မီးဘေးကယ်ဆယ်ရေးပြန်လည်နေရာချထားရေးနှင့်တည်ဆောက်ရေးကော်မတီမှ ဥဿာမြို့သစ်အိမ်ရာမြေကွက်ချထားပေးခဲ့ပြီး နေထိုင်အသုံးပြုလျက်ရှိရာ ယခုအခါ မြေငှားဂရန် လျှောက်ထားနိုင်ရေးအတွက် လိုအပ်လျက်ရှိသည့် မြေပေးမိန့်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးမောင်မြင့်(ဘ)ဦးခွေး (PGU–၂၀၇၇၆၅)ဖုန်း–၀၉–၄၂၈၀၃၆၉၀၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးတောင်ရွာ၊ ဇမ္ဗူဒီပလမ်းအနီးရှိ အကွက်အမှတ်(၁၂)၊ ဧရိယာ(၄၀ ပေx ၆၀ ပေ) အကျယ်ရှိ မြေကွက်ကို ဒေါ်အမ်ရာလိန်က ဒေါ်ဆွေဆွေမြင့်ထံမှ(၂၇–၈–၂၀၁၃) ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ လက်ဝယ်ထားပိုင်ဆိုင်ခဲ့သော မြေဖြစ်ပါသည်။ အဆိုပါ(၂၇–၈–၂၀၁၃)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း ပျောက်ဆုံးနေသည်ကို (၁၀–၂– ၂၀၂၅) ရက်တွင် သိရှိခဲ့ရပြီး ယနေ့အချိန်အထိ အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ထားခြင်း မရှိကြောင်း အများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အမ်ရာလိန်** — **ဒေါ်ယဉ်မေဦး(စဉ်–၁၇၁၅၃)**

**၁၃/လရန(နိုင်)၀၁၀၀၄၈** — **တရားလွှတ်တော်ရှေ့နေ**

**ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊**

**ဖုန်း–၀၉–၂၅၈၆၅၀၆၈၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/ 36018, Honda Dream–125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်းဝင်းအောင် ၃/ပကန(နိုင်)၀၂၀၉၆၇က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး**

**(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၅၄၃၂၂ ယာဉ်လက်ဝယ်ရှိသူဦးဖြိုးဝေအောင် ၁၀/ပမန(နိုင်)၂၃၇၂၆၂ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၃၀၉၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၀/ပမန(နိုင်)၂၃၇၂၆၂ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၆၇၅၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းကိုကို ၁၀/မလမ(နိုင်)၁၉၅၄၅၁ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆိုလာရေတင်စီမံကိန်း(၃)ခုအတွက် အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် ( မြန်မာကျပ်ငွေ ) ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | ဘိလပ်မြေ (မန္တလေးတိုင်းဒေသကြီး၊ ကျွန်းဦးစီမံကိန်း) | ၆၆၄ တန် |
| (၂) | ဘိလပ်မြေ (ပဲခူးတိုင်းဒေသကြီး၊ သာယာကုန်းစီမံကိန်း) | ၁၀၀ တန် |
| (၃) | ဘိလပ်မြေ (စစ်ကိုင်းတိုင်းဒေသကြီး၊ ဝမ်းပြည့်စီမံကိန်း) | ၁၆၀ တန် |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၂-၂၀၂၅ ရက်မှ ၆-၃-၂၀၂၅ ရက်အထိ

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၇-၃-၂၀၂၅ ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ-၂၊ ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၃၁၂၉၅၊ ၀၉-၂၅၉၂၇၁၉၁၇၊ ၀၉-၄၄၀၄၅၁၄၄၀ တို့တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

# ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ ခရေ(၁၅)လမ်း၊ မြေကွက်အမှတ်(ပ-၁၈၈၇)ဟုခေါ်တွင် သော အကျယ်အဝန်း(၈၀x၈၀)ပေ၊ ဧရိယာ ၀ ဒသမ ၁၄၆)ကေခန့်ရှိ ဦးဦးဟန် ၁၃/ကလတ(နိုင်)၀၀၂၀၇၇ အမည်ဖြင့် မြေငှား(ဂရန်) စာချုပ်ရရှိထားသော ဝိုင်းခြံမြေကွက်နှင့်တကွ အကျိုးခံစား ခွင့်အရပ်ရပ်တို့အား ၎င်းတစ်ဦးတည်း လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဒေါ်သက်သက်ခင် (ဘ) ဦးခင်မောင် ၉/မထလ(နိုင်)၀၄၅၆၃၃ မှ မြွက်ဟကြေညာကာ ဖော်ပြပါဝိုင်းခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုရီ ၉/မနမ(နိုင်)၀၃၇၈၀၄ က ကမ်းလှမ်းချက်ကို လက်ခံ၍ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ဖြစ်စေ ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကုန်ဆုံးချိန်အထိ ကန့်ကွက်သူမရှိပါက တည်ဆဲ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ပြပါဝိုင်းခြံမြေ ဥပစာနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အပြီး အပိုင်လဲ ပြောင်းဝယ်ယူသည့်ကိစ္စအား ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါ ကြောင်းတို့ကို အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** ဒေါ်ချိုချိုရီ ၉/မနမ(နိုင်)၀၃၇၈၀၄

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ယဉ်မိုးအေး (စဉ်-၁၉၁၅၈/၁၁-၄-၂၀၂၄)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၂၃၈၉၅)၊ မင်္ဂလာဒီပရပ်ကွက်၊
ပုဗ္ဗသီရိမြို့၊ နေပြည်တော်
ဖုန်း -၀၉-၇၈၇၀၁၃၅၁၁

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၄)တိုးချဲ့ရပ်ကွက်၊ အောင်သိဒ္ဓိ(၁)လမ်းရှိ အိမ်ရာမြေကွက်အမှတ် (ကခ-၁၄) ဟုခေါ်တွင်သော ပေ (၄၀ x ၆၀) အကျယ်အဝန်းရှိ မှော်ဘီမြို့နယ် ကိုယ်ထူကိုယ်ထ အိမ်ရာချထားရေးကော်မတီမှ ဦးကံလှိုင် TYT-၀၆၆၇၃၄ အမည်ဖြင့် ချထားပေးသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သန်းလှကြည် ၈/ပခက (နိုင်)၀၂၃၉၈၆ က အရှုပ်အရှင်းကင်း၍ ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝင့်ဝါဖူး ၇/လပတ(နိုင်)၁၂၄၀၀၃ မှ အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၀)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိုးသီဟ(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၇၉)
အမှတ်(၁/၆၃)၊ ကြို့ပင်ကုန်းလမ်း၊ (၁)ရပ်ကွက်၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း -၀၉-၄၂၀၂၃၃၁၄၉

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရတနာသီရိဈေး၊ ရုံ(က)၊ ဆိုင်(၆၄)၊ ရုံ(၅)၊ ဆိုင်(၃၀၊၃၁) ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်မော်မော်အောင် ၁၁/မအန (နိုင်)၀၀၀၅၄၀ ၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် (N-70645၊ N-69015၊ N-69016)တို့မှာ ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဈေးတာဝန်ခံ - ဖုန်း-၀၉-၅၀၈၁၄၂၉**
**ရတနာသီရိဈေး၊မင်္ဂလာဒုံမြို့နယ်**

# ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၉)၊ စိုက်ပျိုးရေးရပ်၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ ၀ ဒသမ ၁၁၉ ဧကရှိ ဝင်းမြေအား ဒေါ်ကျင်းရှမ်းလွန် ၅/ကလထ(နိုင်) ၂၀၄၄၁၂ သည် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်းရှမ်းလွန် ၅/ကလထ(နိုင်)၂၀၄၄၁၂**

## မတည်ငွေရင်း လျှော့ချရန် အစည်းအဝေးအကြောင်းကြားခြင်း

Masterpiece Group (Myanmar) Co.,Ltd. သည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇ ပုဒ်မ ၁၁၆ (c) အပိုဒ်ခွဲ(၂)ပါအရ မှတ်ပုံတင်အရာရှိ ထံသို့ ပုံစံ ဂ-၆(က) ဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အစည်းအဝေးအကြောင်းကြားစာနှင့်အတူ သက်ဆိုင်ရာ စာရွက်စာတမ်းများဖြင့် တင်ပြထားပြီးဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**Masterpiece Group (Myanmar) Company Limited**
**ဒါရိုက်တာအဖွဲ့**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
# (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
# ဒက္ခိဏသီရိမြို့နယ်တရားရုံး
# ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

| ဦးဇာနည်နိုင်ဦး | နှင့် | ဒေါ်မြတ်မြတ်မိုး |
|---|---|---|
| (တရားလို) | | (တရားပြိုင်) |

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ သုခဝတီအိမ်ရာ၊ တိုက်အမှတ်(A-25)၊ အခန်း(203)နေ ဒေါ်မြတ်မြတ်မိုး (ဘ)ဦးအောင်ကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇာနည်နိုင်ဦးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၇ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၉ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဤရုံး တော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မေသူခိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ဒက္ခိဏသီရိမြို့နယ်တရားရုံး

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
# (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
# မော်လမြိုင်မြို့နယ်တရားရုံးတော်၌
# ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

| မဟန်သီသီထွန်း | နှင့် | ဦးကျော်မောင်မောင် |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၇)လမ်း၊ အေဘာလောက်၊ အခန်းအမှတ်(၁၀၃)၊ တိုက်ခန်း(၉)၊နေ ဦးကျော်မောင်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင်၏ ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅-ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၆-ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည် ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက် သည်။

(မိုးဦးလင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
မော်လမြိုင်မြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/4817 Mitsubishi Canter ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၉/ညဥန(နိုင်)၀၁၆၉၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၆၁၀၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၁၀/ရမန(နိုင်)၀၅၇၁၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်နေ မဟယ်လီဝင်း (ဘ) ဦးမူဆီအေး ၉/မကန(နိုင်)၁၂၉၆၆၈ ၏ နိုင်ငံကူးလက်မှတ်(MD-004523) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၄၉၂၄၉၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ချင်းပြည်နယ်၊ ဟားခါးမြို့နေ ဂျွန်ဝိကလစ်သျှန်းနွန်စံ (ဘ) ဦးစောလွှန်းမောင် ၅/ကလထ(နိုင်)၃၃၀၇၁၇ ၏ နိုင်ငံကူးလက်မှတ် (MJ-777673) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၅၂၄၆၂၃၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/1375 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2529 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# အမည်ပြောင်း

အမှတ် (၁၈-ဘီ)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ Baho Private School ကိုယ်ပိုင်အထက်တန်းကျောင်း၏ KG မှ (ဘ) ဦးဇော်ဝင်းမောင် ၅/စကန(နိုင်)၁၈၆၄၀၉ ၏ သားဖြစ်သူ မောင်စိုင်းဆိုင်ဝမ်းလျှန်းအား မောင်ဇွဲသူရိန် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

# တစ်ဦးတည်းဖြစ်ကြောင်း

ဦးခင်မောင်ဝေ၏သမီး မကွေးမြို့၊ မကြီးကန်ကျေးရွာအုပ်စု၊ နွားကူးကျေးရွာနေ မအေးချမ်းမေနှင့် မအေးအေးချမ်း၈/မကန(နိုင်)၃၂၅၀၅၁ မှာ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်စာရင်းအရ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း ။

**မအေးချမ်းမေ (ခ) မအေးအေးချမ်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/2861 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ပိုင်ဖြိုး ၁၄/အမတ(နိုင်)၀၆၄၂၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/99740 Honda Dream C100P M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၇/ဝမန(နိုင်)၀၈၀၃၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၇၇၉၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာ ၁၀/မလမ(နိုင်)၁၉၇၄၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၂၁၃၆၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်စိုး ၁၀/မလမ(နိုင်)၁၃၈၂၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

# Super Seven Star Co.,Ltd နှင့် အများသိစေရန်ကြေညာခြင်း

Super Seven Star Co.,Ltd က ၁၂-၁၀-၂၀၂၄ခုနှစ်ထုတ် မြန်မာ့အလင်းသတင်းစာ အများသိစေရန်ကြေညာချက်ပါမှ အမှတ်စဉ်(၂) ဒေါ်စုမြတ်အောင် ၉/ပကခ(နိုင်)၀၀၆၇၉၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမြတ်အောင်သည် Super Seven Star Co.,Ltdထံမှ မော်တော်ယာဉ်အမှတ် 3Q/3533၊ အမျိုးအစား- Peugeot၊ ကိုယ်ထည်နံပါတ်- VF38D5 GYTHL 051241 မော်တော်ယာဉ်အား(၂-၁၁-၂၀၁၈) ရက်တွင် AYA BANK နှင့်ချိတ်ဆက်၍ Hire Purchase စနစ်ဖြင့် ဝယ်ယူခဲ့ပြီး ကုမ္ပဏီစည်းကမ်းများအတိုင်း ဝယ်ယူသည့် မော်တော်ယာဉ်၏ Downpayment 10%နှင့် အခြားကုန်ကျစရိတ်များအတွက် 10,678,676 အား အဆိုပါဝယ်ယူခဲ့ သည့်ရက်တွင်ပင် ကုမ္ပဏီသို့ပေးချေခဲ့ပြီး ကုမ္ပဏီမှ Invoice No. KIA-2018-0820၊ Payment Type SSS 1084 ဖြတ်ပိုင်းကို ဝယ်ယူသူဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုမြတ်အောင်အား ပြန်လည်ပေးအပ်ခဲ့ပါသည်။ ထို့အပြင် ကျွန်ုပ်မိတ်ဆွေ ဒေါ်စုမြတ်အောင်သည် ယာဉ်အမှတ် 3Q/3533 အား AYA BANK နှင့်ချိတ်ဆက်၍ Hire Purchase စနစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည့်အတွက် စာချုပ်ပါသဘောတူညီမှုအတိုင်း ဘဏ်သို့ပေးသွင်းရန်ကျန်ရှိသည့်ငွေများအားလုံးကို အလုံးစုံ ငွေအပြေအကြေပေးသွင်းခဲ့ပြီး AYA BANK မှ လည်း ၁၅ ရက် ဒီဇင်ဘာလ ၂၀၂၂ ရက်စွဲဖြင့် ကြွေးမြီကင်းရှင်းကြောင်း ထောက်ခံစာ(၁)စောင်၊ စာအမှတ် အေဝိုင်အေ/ ချေးငွေ/၇က ၅၄/၄၉၂/၂၀၂၂-၂၀၂၃ ဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ လိပ်မူသော ချေးငွေအပြေအကြေ ပေးဆပ်ပြီးဖြစ်ပါသဖြင့် တားမြစ်ထားခြင်းအား ပယ်ဖျက်ပေးပါရန် အကြောင်း ကြားစာ(၁)စောင်၊ စုစုပေါင်း စာ(၂)စောင်နှင့်အတူ ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြစ်သော မော်တော်ယာဉ်ပိုင်ရှင်စာအုပ်နှင့် မော်တော်ယာဉ်အာမခံစာအုပ်တို့ကို ပိုင်ဆိုင်သူ ဒေါ်စုမြတ်အောင်ထံသို့ အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

Super Seven Star Co.,Ltd က (၁၂-၁၀-၂၀၂၄) ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်စုမြတ်အောင်အား Downpayment ပေးသွင်းရန် ပျက်ကွက်သည်ဟု မမှန်မကန်ဖော်ပြခဲ့သည့်အပြင်၊ ငွေအပြေအကြေပေးဆပ်ပြီးသည့် ကျွန်ုပ်မိတ်ဆွေ ဒေါ်စုမြတ်အောင်ထံ တစ်စုံတစ်ရာဆက်သွယ်ခြင်းမရှိပါဘဲ ကုမ္ပဏီမှ အကြိမ်ကြိမ် ဆက်သွယ်သော်လည်း လာရောက်ဖြေရှင်းမှုမရှိဟူ၍လည်းကောင်း၊ ငွေအပြေအကြေပေးသွင်းပြီး၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ ကြွေးမြီကင်းရှင်းကြောင်း၊ ကညနအကြောင်းကြားစာများ လက်ဝယ်ပိုင်ဆိုင်ထားပြီးသူအား သော့အပိုအပ်နှံခြင်းမရှိသောကြောင့် ရောင်းမှားဝယ်မှားမဖြစ်စေရန်ဟူ၍လည်းကောင်း အစရှိသည့် မမှန်မကန်အချက်အလက်များဖော်ပြကာ ကျွန်ုပ်၏မိတ်ဆွေ အမည်၊ မှတ်ပုံတင်အမှတ်၊ မော်တော်ယာဉ်နံပါတ်၊ မော်တော်ယာဉ်အမျိုးအစားတို့ကို ထည့်သွင်းကြေညာခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုမြတ်အောင်သည် လူကြီးမင်း၏ Super Seven Star Co.,Ltd မှ (၁၂-၁၀-၂၀၂၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် မမှန်မကန်အချက်အလက်များ ထည့်သွင်းဖော်ပြခဲ့သည့်အတွက် မိတ်ဆွေများနှင့် လူမှုပတ်ဝန်းကျင်တွင် များစွာ ဂုဏ်သိက္ခာကျဆင်းခဲ့ရသည့်အပြင် စိတ်ရောကိုယ်ပါ စိတ်ထိခိုက်ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ဤသတင်းစာပါ ကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း Super Seven Star Co., Ltd အနေဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်စုမြတ်အောင်၏ ထိခိုက်နစ်နာမှုများနှင့် အမှန်တရားအား နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အတိအလင်း ပြန်လည်ထည့်သွင်းတောင်းပန်ရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Super Seven Star Co., Ltd နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နွယ်နွယ်**
**(BA.LL.B,PGDL,DBL,DIPL,WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၁၂၂/၁၆-၁၀-၂၀၂၃)**
**အမှတ်(၆၈)၊ ဗိုလ်စောပုလမ်း၊ သရက်တော(မြောက်)၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၅၁၁၂၆၈၊ ၀၉-၅၂၃၁၀၈၂**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် ဆေးဆိုင်ခန်းတွဲ (၂) ဆိုင်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်မှ (၂၀၂၇-၂၀၂၈)ခု ဘဏ္ဍာရေးနှစ်အထိ (၃)နှစ် သက်တမ်းဖြင့် (၁)နှစ်ချင်း စာချုပ်ချုပ်ဆို ငှားရမ်းလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို(၂၁-၂-၂၀၂၅)ရက်မှစ၍ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာန၊ စီမံရေးရာဌာနခွဲတွင် ဝယ်ယူနိုင်ပြီး (၂၈-၂-၂၀၂၅)ရက် ညနေ(၁၆:၀၀)နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

### အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ဦးညွန့်သိန်း၁၁/မပန(နိုင်)၀၀၁၉၁၄၊ ဦးမောင်ပျော့၁၂/လမန(နိုင်)၀၁၁၅၁၂ နှင့် ဒေါ်စီစီချို ၁၂/လမန(နိုင်)၀၁၁၅၃၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ -

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ မြေကွက်အမှတ်(၈၈+၈၉)၊ ရေိယာ၀ ဒသမ ၀၃၄ဧကရှိ အကျယ်အဝန်း (၃၇ ပေ ၆ လက်မ x ၄၀ ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး အမည်ပေါက်ပိုင်ရှင်များ ဖြစ်ကြသော ၁။ ဒေါ်ဦးညွန့်သိန်း (ဘ-ဦးညွန့်လှမောင်)၁၁/မပန(နိုင်)၀၀၁၉၁၄၊ ၂။ ဦးမောင်ပျော့ (ဘ-ဦးစံဖူး) ၁၂/လမန(နိုင်)၀၁၁၅၁၂၊ ၃။ ဒေါ်စီစီချို(ဘ-ဦးမောင်တိုး)၁၂/လမန(နိုင်)၀၁၁၅၃၉ တို့မှ ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၉-၈-၂၀၂၀ ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၁၂၀/၂၀၂၀)ဖြင့် ဦးတင်ထွဋ် (ဘ-ဦးလှအောင်) ၁၂/လမန(နိုင်)၁၃၈၃၃၉ အား လွှဲအပ်ခဲ့ပါသည်။ အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၁၂၀/၂၀၂၀)အား ယနေ့မှစ၍ ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်နှင်းအေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၇)**
**အမှတ်-၁၀၄၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၉၅၇၃၇၂၉၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန် ကွန်ဒို(B)၊ အခန်းအမှတ်(၈၀၂) ဟုခေါ်တွင်သည့် အိမ်ခန်း၏ အမည်ပေါက် ပိုင်ရှင် ဦးစိုးတင် (ဘ) ဦးကြည်(CA-၀၄၈၄၁၀) ၁၂/သလန (နိုင်)၀၃၀၅၅၄ ကိုယ်စား သားဖြစ်သူ ဦးဝင်းလွင်စိုး ၁၂/သလန(နိုင်)၀၀၁၀၅၇ က ဦးစိုးတင်သည် ပိုင်ရေးပိုင်ခွင့်ရှိပြီး အမွေကိစ္စအပါအဝင် အရှုပ်အထွေး ကင်းရှင်းကြောင်း ဝန်ခံ၍ ကျွန်ုပ်၏အမှုသည်ကို ရောင်းချထားပါသည်။ ကျွန်ုပ်၏အမှုသည်က ယင်းအိမ်ခန်းကိုဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။

ဤအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ၇-ရက် (ခုနစ်ရက်)အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းစိန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၃)**
**အမှတ် ၁၁၊ ပဏ္ဍိတလမ်း၊ အမှတ်(၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၇၅၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်-၅၆၊ မြေညီထပ်၊ (ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းကိုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ၁။ဦးစိုးစိုးမင်း ၁၂/ ဗတထ (နိုင်)၀၂၁၀၉၀၊ ၂။ဒေါ်သန်းသန်းချို ၁၀/မဒန(နိုင်)၀၉၉၆၈၂တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ၁။ ဦးကျော်မင်းစိုး၇/တငန(နိုင်)၁၅၃၈၂၅၊ ၂။ဒေါ်ခင်မျိုးဆင့် ၇/တငန(နိုင်)၁၆၄၃၄၇ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ (၁၄)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်-၁၂၈၁၈/၂၀၁၇ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၅၉၈၂၂၊၀၉-၇၉၅၇၉၀၇၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ် -၆၇၁(ခ)၊ အကျယ်အဝန်းပေ (၂၀ x ၆၀)၊ (၁၂၀၀) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂-ရပ်ကွက်၊ မာဃလမ်း၊ အမှတ်၆၇၁(ခ) ဟုခေါ်တွင်သည့် နေအိမ်ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ၁။ ဦးအောင်မိုး ၁၂/မရက(နိုင်)၀၆၄၀၄၉ ၂။ ဒေါ်မြမြခိုင် ၁၂/မရက(နိုင်)၀၁၉၉၄၈၊ ၃။ ဒေါ်နွယ်နွယ်အောင် ၁၂/မရက(နိုင်)၀၆၄၀၅၀၊ ၄။ ဦးပြည့်ဖြိုးသူ ၁၂/ဒဂမ(နိုင်)၀၃၃၇၁၄၊ ၅။ ဦးသက်ထူးဇင် ၁၂/ဒဂမ(နိုင်)၀၄၇၀၂၇ တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အပြီးအပိုင် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**\လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁) ၊မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၂၇/ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| စဉ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|
| ၁။ | Methyl Diethanolamine (MDEA) | 46 MT |
| ၂။ | DO (Digital Output) Module (2 Sets) နှင့် AO (Analog Output) Module (1 Set) | 2 Items |
| ၃။ | AI (Analog Input) Module (2 Sets) နှင့် AO (Analog Output) Module (1 Set) | 2 Items |
| ၄။ | Boiler စစ်ဆေးခြင်းလုပ်ငန်း | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၄-၂-၂၀၂၅ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) ၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Website (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို အောက်ဖော်ပြပါ တင်ဒါပိတ်သည့်ရက်များတွင်(၁၁:၀၀)နာရီမှ (၁၂:၀၀) နာရီအတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (နေပြည်တော်)သို့ လူကိုယ်တိုင် လာရောက် ပေးသွင်းရန်ဖြစ်ပါသည်-

(က အမှတ်စဉ်(၁) အိတ်ဖွင့်တင်ဒါ ၁၁-၃-၂၀၂၅ ရက်

(ခ) အမှတ်စဉ်(၂ မှ ၄ အထိ) အိတ်ဖွင့်တင်ဒါများအား ၄-၃-၂၀၂၅ ရက်

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၆၇-၃၄၁၁၂၃၊ ၀၆၇-၃၄၁၁၉၃၊ ၀၆၇-၃၄၁၁၇၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ ဓမ္မသုခလမ်း၊ မြေကွက်အမှတ်(၁၁၂၀/ခ)၊ မြေအမျိုးအစား ပါမစ်မြေ၊ မြေအကျယ်အဝန်း ပေ(၂၀ x ၆၀)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းစန္ဒာ ၁၂/ဥကတ(နိုင်)၁၅၅၉၅၁ ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင် လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစံလှိုင်ထွန်း ၁၁/ရသတ(နိုင်)၀၃၄၂၀၀ထံမှဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီဝေ ၁၀/ပမန(နိုင်)၁၀၃၂၅၉ က အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော(စာရွက်စာတမ်းမူရင်းများ)အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများ မရှိပါက ဤတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီဝေ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်(၁၇၂)ဟု ခေါ်တွင်သော အလျား(၁၂½'x၅၀') မှန်ခန်း (ခြေရင်း)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဒေါ်မိုးမိုးခိုင် ၁၄/ကလန(နိုင်)၀၀၀၄၀၀ က ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သစ်သစ်ဦး ၅/တဆန(နိုင်)၁၇၆၁၁၃ မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာန်အောင် (LL.B) W.I.P.O**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၆၈/၁၇)**
**အမှတ် (၂၆)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း -၀၉-၄၂၁၀၀၉၀၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၈)ရပ်ကွက်၊ ဗေဒါ(၁)လမ်း၊ အမှတ်(၈၇၉/က)နေ ဒေါ်ခင်ထွန်းဝင်း ၁၂/ဒဂရ(နိုင်)၀၀၀၅၃၁၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄)၊ ဓမ္မဝိဟာရလမ်း၊ မြေကွက်အမှတ် (၉၈၉)၊ အကျယ်အဝန်း အလျား(၄၀)ပေxအနံ(၆၀)ပေရှိ ဦးတင်မျိုးညွန့် အမည်ပေါက် ပါမစ်အမျိုးအစားမြေမှ တရားဝင် မခွဲစိတ်ရသေးသော (အမှတ်-၉၈၈ နှင့်ကပ်လျက်) အကျယ်အဝန်းအလျား(၁၀)ပေxအနံ(၆၀)ပေရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်နှင့် မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သဲသဲနွေး ၁၂/မဂဒ(နိုင်)၁၂၉၂၂၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်ထွန်းဝင်း** | **ဒေါ်နုနုလှိုင် (LL.B) (DBL) (D.I.P.L)** |
| **၁၂/ဒဂရ(နိုင်)၀၀၀၅၃၁** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၅၂၂၃) (၂၇-၁၂-၂၀၁၈)** |
| | **အမှတ်(ခ/၇၅၀)၊ ဗေဒါ(၂)လမ်း၊** |
| | **ဒဂုံမြို့သစ်/အရှေ့ပိုင်း၊ ဖုန်း-၀၉-၂၅၀၆၅၈၃၃၆** |


ပုသိမ်မြို့ ၊ ပစ္ဆိမာရုံကျောင်းတိုက်

**အရှင်ခေမိန္ဒ** ၏

**၁။ ကျောင်းထိုင်တင်မြှောက်နည်း**

**၂။ သုံးပွင့်ဆိုင်မေတ္တာ** (၃-ကြိမ်)

တာအုပ် ထွက်ပြီ

ဖြန့်ချိရေး

ဒေါ်တင်တင်အေးပိဋကတ်စာပေဖြန့်ချိရေး

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရန်ကုန်မြို့။


### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက် အမှတ်(ဒ-၆)၊ ဦးပိုင်အမှတ်(၅-က)၊ ၃၈ လမ်း၊ ၆၃ x ၆၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းဆာလိန် ၂/လကန(နိုင်)၀၂၁၁၅၀ က အမှုတွဲအမှတ် ၆၈၃၁/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၁)၊ ဦးပိုင်အမှတ်(၃၀)၊ ၆၅လမ်း၊ ၃၇ x ၃၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသူရဇော်(ခ)သုတ ၉/မမန(နိုင်)၀၀၄၃၈၄ က အမှုတွဲအမှတ် ၆၈၃၂/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ရှိ မြေကွက်အမှတ်(ပ-၂၁၄၀၆)ကို အမည်ပေါက် ဦးမျိုးထိုက် (ဘ)ဦးမျိုးမြင့် ၉/ပမန(နိုင်)၀၈၉၄၇၁ မှ ဦးသောင်းမြင့် (ဘ) ဦးသိန်း ၉/တသန(နိုင်)၀၈၈၅၄၆ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/2814၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ဖခင်အမည်မှန်

မုံရွာမြို့၊ လေ့ကျင့်ရေးအခြေခံပညာ အလယ်တန်းကျောင်း Grade-1မှ မောင်ကောင်းထက်ကျော်ဇင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်သန့် ၁၂/မဂဒ(နိုင်)၁၀၃၅၉၀ ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်သန့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဒေါ်နန်းအေးခမ်း ၁၃/လခတ (နိုင်) ၀၄၄၂၈၇၏ဖခင် စိုင်းအုန်းကျော် (ခ) စိုင်းမေထာ(ခ)ဦးအုံးကျော် ၁၃/လခတ (နိုင်)၀၁၉၆၃၅၊ မိခင် ဒေါ်ခမ်းပန် (ခ) နန်းခမ်းပန် ၁၃/လခတ (နိုင်) ၀၀၉၈၄၈တို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/3050၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၂-၂၀၂၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၂၈)တွင် ဖော်ပြပါရှိသည့် "အများသိစေရန်" ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၀)၊ မေတ္တာလမ်း၊ **မြေကွက်အမှတ် (၁၁၉၁/ခ)**အစား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၀)၊ မေတ္တာလမ်း၊ **မြေကွက် အမှတ်(၁၃၉၁/ခ)**ဟု ပြောင်းလဲ ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/52414 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထွဋ်ဝင်း ၉/ကဆန(နိုင်)၁၉၃၀၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂(ဘီ)လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ အိမ်အမှတ်(ည/၃)တွင် နေထိုင်သော (ရွှေမန်း တောင်အောင်မြေ-အိမ်၊ ခြံ၊ မြေလုပ်ငန်းစု) ဦးစီးတည်ထောင်သူ ဦးကျော်ကျော်ဦး (ဘ) ဦးကျော်တင့် (၉/မရမ(နိုင်)၀၈၁၀၂၀)တွင် မရွှေပြည့်ဆိုသည့် သမီးတစ်ဦးရှိပါသည်။ သမီးဖြစ်သူ မရွှေပြည့်သည် ဖခင်ဖြစ်သူ ဦးကျော်ကျော်ဦး၏ သဘောတူညီချက်အရ ကနေဒါနိုင်ငံရှိ ကျောင်းတွင် ပညာသင်ကြားနေပါသည်။ ၎င်းနောက် ဖခင်ဖြစ်သူ ဦးကျော်ကျော်ဦးမှာ (၂၉-၁၂-၂၀၂၄) ရက်တွင် ရုတ်တရက် ကွယ်လွန်သွားခဲ့ပြီး ဖြစ်သောကြောင့် ဖခင် ဦးကျော်ကျော်ဦး၏ ပိုင်ဆိုင်မှုများသည် အမွေဆက်ခံသူ သမီး မရွှေပြည့် တစ်ဦးတည်းသာလျှင် အမွေရပိုင်ခွင့်ရှိကြောင်းနှင့် ဖခင်ဖြစ်သူ ဦးကျော်ကျော်ဦး၏ ပိုင်ဆိုင်မှုများ အားလုံးကို အမွေဆက်ခံသူသမီး မရွှေပြည့် (အုပ်ထိန်းသူမိခင်)တို့ သဘောတူညီမှုမရရှိဘဲ အခြားသူများက ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်း လွှဲပြောင်းခြင်းစသည့် အခြားနည်း တစ်စုံတစ်ရာ ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုမူဆောင်ရွက်လာပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူပြာကျော် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၆၅၇၉**
**အကွက်(၉၀၂)၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၂၂၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ်(ပ-၄၃၅၆)ကို အမည်ပေါက် ဦးပေါ်လာ (ဘ) ဦးအောင်ဘာ ၉/ပမန(နိုင်)၁၁၁၄၆၈ မှ ဒေါ်ကြည်ကြည်မာ (ဘ)ဦးညွန့်သိမ်း ၈/တတက(နိုင်)၀၆၈၄၂၅ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-အိတ်ချ်)၊ မြေကွက်အမှတ်-(၆၄/၃-အေ)၊ အကျယ်အဝန်း ၀ ဒသမ ၃၂၄ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်၍ တရားဝင်တစ်ဦးတည်းပိုင်ဆိုင်သော မိခင်ဖြစ်သူ ဒေါ်နန်းလင်းလင်းထွန်း(ဘ)ဦးအိုက်တီ ၁/မကတ(နိုင်)၀၀၀၄၀၄ မှ သမီးဖြစ်သူ ဒေါ်ကေခိုင်အောင်မြင့် ၁၂/ဒဂန(နိုင်)၀၃၅၆၁၈ အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်း၊ စာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့်အပိုင်ပေးခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့် (ခ) ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၃၉၃၀၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၁၆)၊ ပထမထပ်၊ (၂လွှာ)တိုက်ခန်းအား ပိုင်ဆိုင်သူ ဦးစိုးမင်းထက်ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ငွေအချို့ကို ၂၀-၂-၂၀၂၅ ရက်တွင် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူသူ ဦးဗိုလ်ထွေးနှင့် ဒေါ်နှင်းယုဝါတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဒင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၇၃၃၁)**
**အမှတ်-(၄၆)၊ မြလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၂၇၇၄**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ကိုကောင်းထက်အောင် ၁၂/စခန(နိုင်)၀၆၂၁၁၇ နှင့် မကျော့ဒါလီ ၁၂/မဂတ(နိုင်)၀၈၉၇၈၀ တို့သည် လွန်ခဲ့သော ၂၄-၇-၂၀၁၂ ရက်မှစ၍ တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ရာ ယနေ့အထိဖြစ်ပါသည်။ လက်ထပ်ပွားပစ္စည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၅၃)၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက် ကြီးအနက်မှ တရားဝင်ခွဲစိတ်လျက် ရှိသော (အလျား ၂၅ ပေ x အနံ ပေ ၆၀)အကျယ်ရှိ မြေကွက်ကို မကျော့ဒါလီ အမည်ဖြင့် ဝယ်ယူထားခဲ့ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အဖြစ် မှတ်ပုံတင်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကိုကောင်းထက်အောင်နှင့် မကျော့ဒါလီတို့ ပေါင်းသင်းနေစဥ်အတွင်း ကျွန်ုပ်မိတ်ဆွေမှ မကျော့ဒါလီအပေါ် ခွင့်မလွှတ်နိုင်သော အိမ်ထောင်ရေးကိစ္စရပ်ကြောင့် တရားဝင်ကွာရှင်းရန်အတွက် ကိုကောင်းထက်အောင် မှ စီစဥ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်တကွ အခြားပစ္စည်းများ၏ ပိုင်ရေးပိုင်ခွင့် စာချုပ်စာတမ်းမူရင်း အားလုံးကို ကျွန်ုပ်မိတ်ဆွေလက်ဝယ်၌ ထိန်းသိမ်းထား ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေမသိဘဲ (သို့မဟုတ်) သဘောမတူဘဲ အထက်ဖော်ပြပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေကွက်နှင့်ပတ်သက်၍ မကျော့ဒါလီမှ အခြားလူတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခွင့်မရှိကြောင်း အသိပေးကြေညာပါသည်။ ထိုသို့ တားမြစ်ချက်ကို လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်ပါက ဆုံးရှုံးမှုဖြစ်ပေါ်လျှင် ကျွန်ုပ်မိတ်ဆွေမှ လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**ကိုကောင်းထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသွယ်တင်လတ် (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၂၅၂)**
**တိုက် (၆/၃၁)၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း ၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီး မဆုနှင်းထိုက် ၁၂/ဥကတ(နိုင်)၁၉၃၃၃၀ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင် ဦးစန်းလွင် ၁၂/ဥကတ(နိုင်)၁၃၄၉၆၃

## မြန်မာနိုင်ငံလယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

၁။ မြန်မာနိုင်ငံလယ်ယာသုံး စက်ကိရိယာလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

**အစည်းအဝေးကျင်းပမည့်ရက်** - ၂၀၂၅ ခုနှစ်၊ မတ်(၂၂)ရက် (စနေနေ့)

**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် (၉:၃၀) နာရီ

